# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (၁၃) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ကျောက်တော်မြို့နယ်ရှိ အုတ္တောင်ပြင်ကျေးရွာအနီး ပြိုန်းချောင်းဦးပိုင် အမှတ် (၆၅၉) ကွင်းနှင့် ပတ်သက်ပြီး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များနှင့် မြေပြင်အခြေအနေ ကွာခြားချက်များကို ပြန်လည်စိစစ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | ယခင်ငြိမ်းချမ်းရေး ရယူခဲ့သော ဒေသဖြစ်သည့် ပန်ဝါမြို့နှင့် ချီဖွေမြို့သို့ ဆက်သွယ်ထားသောလမ်းကို ခွဲကျောက်စီခင်းလမ်း ဖောက်လုပ်ခဲ့ပြီး ယခုအချိန်တွင် လုံးဝပျက်စီးနေပါသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၇ | လားရှိုးမြို့ မြို့တွင်းလမ်း တိုးချဲ့ပေးစေလိုမှု၏ ဆက်စပ်မေးခွန်း ဖြေကြားချက်နှင့် ပတ်သက်၍ ဆောင်ရွက်ပေးနိုင်မှုအပေါ် သိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း | ၁၃ |
| ၈ | မင်းလှမြို့နယ်၊ တောင်ဦးကျေးရွာအနီး ရွာဦးထိပ်မှ ဖြတ်သန်းစီးဆင်းနေသော ချောင်းအား ရေကျော် (သို့) တံတားတည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၇ |
| ၉ | ငပုတောမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့ကို ဆက်သွယ်သော ထိပ်စွန်း-သုံးခွ(ကျောက်ဖျာလေး) လပွတ္တာလမ်းပေါ်ရှိ ရေပေါ်ကြီးမှ သစ်ပုတ်ထိပ်ကမ်းအထိ ဖောက်လုပ်ရန် ကျန်ရှိနေသေးသော မြေသားလမ်း(၅)မိုင်ကို လာမည့်ဘတ်ဂျက်နှစ်တွင် စတင်ဖောက်လုပ်နိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၉ |
| ၁၀ | မတူပီ-ပလက်ဝလမ်းပေါ်ရှိ ကုလားတန်မြစ်ကူးတံတား (ပလက်ဝ) တည်ဆောက်ရေး စီမံကိန်းအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ထပ်မံလိုအပ်ရန်ပုံငွေအား ပြည်ထောင်စုရန်ပုံငွေမှ တာဝန်ယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၂ |

၁၁ ပေါက်တောမြို့နယ်၊ အလယ်ဖရုံကာကျွန်း မြင့်ဂါ-ဖားဒူကားလမ်းပေါ် ငရုတ်ချောင်းကျေးရွာအနီးရှိ ချောင်းကိုဖြတ်၍ သံကူကွန်ကရစ်တံတား တစ်စင်းဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း ၂၆

၁၂ ဦးဇော်မင်းသိန်း၊ လေးမျက်နှာမဲဆန္ဒနယ်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အဓိကကျသည့် ကျေးလက်နေပြည်သူလူထု၏ လူနေမှုဘဝ မြင့်တင်နိုင်ရန် မဖြစ်မနေဆောင်ရွက်ရမည့် ကဏ္ဍတစ်ရပ် ဖြစ်သော ကျေးလက်လမ်း၊ တံတားများ တည်ဆောက် အကောင်အထည် ဖော်ရာတွင် ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များ အောင်မြင်စေရန် အတွက် လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ၂၉

၁၃ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်း နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ၃၈

၁၄ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်း နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စား လှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း ၄၅

၁၅ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄) ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း ၄၇

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**(၁၃)ရက်မြောက်နေ့ အစီအစဉ်**

**[ ၁၅–၂–၂၀၁၉ ] (သောကြာနေ့) နံနက် ၁၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဦးထွန်းဝင်း၊ ကျောက်တော် မဲဆန္ဒနယ်၏ **ကျောက်တော်မြို့နယ်ရှိ အုတ္တောင်ပြင်ကျေးရွာအနီး ပြိန်းချောင်း ဦးပိုင်အမှတ် ၆၅၉ ကွင်းနှင့် ပတ်သက်ပြီး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များနှင့် မြေပြင်အခြေအနေ ကွာခြားချက်များကို ပြန်လည်စိစစ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးဖုံးတိန့်၊ ချီဖွေ မဲဆန္ဒနယ်၏ **ယခင်ငြိမ်းချမ်းရေး ရယူခဲ့သောဒေသဖြစ်သည့် ပန်ဝါမြို့နှင့် ချီဖွေမြို့သို့ ဆက်သွယ်ထားသောလမ်းကို ခွဲကျောက်စီခင်းလမ်း ဖောက်လုပ်ခဲ့ပြီး ယခုအချိန်တွင် လုံးဝပျက်စီးနေပါသဖြင့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်လမ်းသို့မဟုတ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးစိုင်းမောက်ခမ်း၊ လားရှိုး မဲဆန္ဒနယ်၏ **လားရှိုးမြို့ မြို့တွင်းလမ်းတိုးချဲ့ပေးစေလိုမှု၏ ဆက်စပ်မေးခွန်း ဖြေကြားချက်နှင့် ပတ်သက်၍ ဆောင်ရွက်ပေးနိုင်မှုအပေါ် သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကျော်ကြီး(ခ)ဦးအုန်းခင်၊ မင်းလှ မဲဆန္ဒနယ်၏ **မင်းလှမြို့နယ်၊ တောင်ဦးကျေးရွာအနီး ရွာဦးထိပ်မှ ဖြတ်သန်းစီးဆင်းနေသောချောင်းအား ရေကျော် (သို့) တံတားတည်ဆောက်ပေးပါရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးသန်းအောင်၊ ငပုတော မဲဆန္ဒနယ်၏ **ငပုတောမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့ကို ဆက်သွယ်သော ထိပ်စွန်း–သုံးခွ–(ကျောက်ဖျာလေး) လပွတ္တာလမ်းပေါ်ရှိ ရေပေါ်ကြီးမှ သစ်ပုတ်ထိပ်ကမ်းအထိ ဖောက်လုပ်ရန် ကျန်ရှိနေသေးသော မြေသားလမ်း (၅)မိုင်ကို လာမည့် ဘတ်ဂျက်နှစ်တွင် စတင်ဖောက်လုပ်နိုင်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစိန်အောင်၊ ပလက်ဝ မဲဆန္ဒနယ်၏ **မတူပီ–ပလက်ဝ လမ်းပေါ်ရှိ ကုလားတန်မြစ်ကူးတံတား(ပလက်ဝ) တည်ဆောက်ရေး စီမံကိန်းအတွက် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် ထပ်မံလိုအပ် ရန်ပုံငွေအား ပြည်ထောင်စုရန်ပုံငွေမှ တာဝန်ယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးအောင်ကျော်ဖံ၊ ပေါက်တော မဲဆန္ဒနယ်၏ **ပေါက်တောမြို့နယ်၊ အလယ်ဖရုံကာကျွန်း မြင့်ဂါ–ဖားဒူကားလမ်းပေါ် ငရုတ်ကောင်းကျေးရွာအနီးရှိ ချောင်းကိုဖြတ်၍ သံကူကွန်ကရစ်တံတား တစ်စင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

၆။ ဦးဇော်မင်းသိန်း၊ လေးမျက်နှာ မဲဆန္ဒနယ်က **“နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အဓိကကျသည့် ကျေးလက်နေ ပြည်သူလူထု၏ လူနေမှုဘဝ မြင့်တင်နိုင်ရန် မဖြစ်မနေဆောင်ရွက်ရမည့် ကဏ္ဍတစ်ရပ်ဖြစ်သော ကျေးလက်လမ်း၊ တံတားများ တည်ဆောက်အကောင်အထည်ဖော်ရာတွင် ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **“လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **“လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## (၁၃) ရက်မြောက်နေ့မှတ်တမ်း

### ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
### (၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)
### (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၉၄ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၉၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၄ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၆ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊

(၂) ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ခွင့် ၁ ရက်၊

(၃) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း ခွင့် ၁ ရက်၊

(၄) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် ၁ ရက်၊

(၅) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်၊

(၆) မော်လမြိုင်မဲဆန္ဒနယ်မှ ဦးနိုင်သောင်းညွန့် ခွင့် ၁ ရက်၊

(၇) ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် ခွင့် ၁ ရက်၊

(၈) တနသ်ာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၁ ရက်၊

(၉) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၁ ရက်၊

(၁၀) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၈ ရက်၊

(၁၁) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

(၁၂) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်၊

(၁၃) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်၊

(၁၄) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၁ ရက်၊

(၁၅) ပုဗ္ဗန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်နှင့်

(၁၆) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၃ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၆ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့

အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ကျောက်တော်မြို့နယ်ရှိ အုတ္တောင်ပြင်ကျေးရွာအနီး ပြိုန်းချောင်းဦးပိုင်အမှတ် (၆၅၉)ကွင်းနှင့် ပတ်သက်ပြီး ဝန်ကြီးဌာန၏ထုတ်ပြန်ချက်များနှင့် မြေပြင်အခြေအနေကွာခြားချက်များကို ပြန်လည် စိစစ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းဝင်း(ကျောက်တော်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ သာလေစွပါ။ ကျောက်တော် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ကျောက်တော်မြို့နယ်မှာ ရန်ကုန်-စစ်တွေကားလမ်းမကြီး ဖြတ်သွားတဲ့တစ်နေရာမှာ ပေ ၄၀၀ ကျော် မြင့်တဲ့ ကရံစောက်တောင်တန်းကြီးတစ်ခုရှိပါတယ်။ ကရံစောက်တောင်တန်းရဲ့တစ်ဖက်မှာ ခမရ (၅၃၉) တပ်ရင်းတစ်ခုရှိတယ်။ တစ်ဖက်မှာ ပြည်သူတွေလုပ်စားနေတဲ့ လယ်ယာဥယျာဉ်ခြံမြေတွေရှိပါတယ်။ အဲဒီထဲက လယ်ယာမြေတချို့ဟာ တချိန်က တပ်သိမ်းမြေအဖြစ်ရှိနေခဲ့ရာက ၂၀၁၅ ခုနှစ်မှာ ပြည်သူ့ လက်ထဲကို တပ်မတော်က ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ဒီထဲမှာ ကျွန်တော်တို့ မရှင်းလင်း တဲ့ကိစ္စတစ်ခုက ဥယျာဉ်ခြံမြေတချို့နဲ့ စားကျက်မြေတချို့ ဖြစ်ပါတယ်။ အကုန်လုံး ဧက ၁၀၀ ကျော် လောက်ရှိပါတယ်။ ဥယျာဉ်ခြံမြေမှာဆိုရင် ဒေသခံတွေစိုက်ပျိုးထားတဲ့ နှစ်ရှည်သီးနှံပင်တွေရှိတယ်။ နောက်ပြီးတော့ သမိုင်းနဲ့ဆက်စပ်တဲ့နေရာတစ်ခုလည်း ဖြစ်ပါတယ်။ အဲဒီဥယျာဉ်ခြံမြေဟာ ၂၀၁၅ ခုနှစ်ကစ၍ ဖျက်သိမ်းပြီး မိုင်းခွဲပြီးကျောက်ထုတ်နေတာ နှစ်စဉ်လိုလိုဖြစ်ပါတယ်။ နောက်ပြီးတော့

အဲဒီတောင်ခြေရင်းမှာပဲ ဒေသခံတွေမှီခိုအားထားနေရတဲ့စားကျက်မြေတွေ ရှိပါတယ်။ အဲဒီစားကျက်မြေတွေကလည်း မနှစ်ကတပ်ကနေပြီးတော့မှ လယ်ယာအဖြစ်နဲ့ပြောင်းလဲစိုက်ပျိုး လိုက်တဲ့အခါကျတော့ ဒေသခံတွေက တော်တော်ဒုက္ခရောက်နေတဲ့အခြေအနေတွေ ရှိနေတယ်ဆိုပြီး ကျွန်တော်တို့ကိုအကြောင်းကြားပါတယ်။ ကျွန်တော်တို့က ပြည်သူတွေရဲ့ခံစားမှုတွေကို စာနာတဲ့အနေနဲ့ ဝန်ကြီးဌာနက တစ်စုံတစ်ခုစဉ်းစားပေးနိုင်ရန်အတွက် စာရေးပြီးတော့ အကူအညီတောင်းခံခဲ့ပါတယ်။ စာထဲမှာတော့ ဒီဥယျာဉ်ခြံမြေနဲ့ စားကျက်မြေတွေဟာ ၂၀၁၅ ခုနှစ်ကတည်းက လွှဲပြောင်းပေးတဲ့ထဲမှာပါတယ်ဆိုပြီးတော့ ကျွန်တော့်ကို စာနဲ့ဖြေ အကြောင်းကြားခဲ့ပါတယ်။ ကျွန်တော်က အဲဒီစာကို ဒေသခံတွေကိုပို့လိုက်တယ်။ ဒေသခံတွေကလည်း ဝမ်းသာအားရနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေဆီကို အဲဒါကိုပို့တယ်ဆိုတော့ အောက်ခြေမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာ အဲဒီဝန်ကြီးဌာနကထုတ်တဲ့စာဟာ မှားနေတယ်၊ လွဲနေတယ်ဆိုပြီးတော့မှ သူတို့လုပ်နေတဲ့အလုပ်ကိုပဲ ပုံမှန်မပျက်လုပ်နေတာတွေ့ရပါတယ်။ အဲဒီဟာလေးကို ကျွန်တော်တို့က ရှင်းရှင်းလင်းလင်းလေး သိချင်တာတစ်ချက်ဖြစ်ပါတယ်။ ပြီးတော့ တကယ်လို့အဲဒီစာက ဝန်ကြီးဌာနကထုတ်ပြန်တာ အောက်ခြေကပြောသလို လွဲနေတယ်ဆိုလို့ရှိရင် အဲဒီဥယျာဉ်ခြံမြေတွေမပါဘူး၊ စားကျက်မြေတွေမပါဘူးဆိုလို့ရှိရင် ပြည်သူတွေအတွက်တော့ တော်တော်ကိုအခက်အခဲဖြစ်နေတဲ့ အခြေအနေဖြစ်တဲ့အတွက် တပ်နဲ့လည်းတော်တော်အလှမ်းဝေးတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ ပြည်သူတွေကိုစာနာတဲ့အနေနဲ့ အဲဒီဧက ၁၀၀ ကျော်ဥယျာဉ်ခြံမြေနဲ့ စားကျက်မြေတွေကို ပြည်သူလက်ထဲကို ပြန်လည်လွှဲပြောင်းပေးနိုင်ခြင်းရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ကျွန်တော့်မေးခွန်းကို ထင်ရှားအောင် Power Point လေး သုံးခွင့်ပြုပါခင်ဗျား။ ဒါ ကရံစောက်တောင်တန်းဖြစ်ပါတယ်။ ဒါတော့ တောင်ဖြိုတဲ့နေရာနဲ့ တပ်ရင်းချထားတဲ့နေရာနှစ်ခုကို ပြထားတာဖြစ်ပါတယ်။ ဒါက ကျောက်ထုတ်တဲ့နေရာက သမိုင်းဝင်နေရာတစ်ခု ဖြစ်ပါတယ်။ အဲဒီနေရာကတော့ လေးမြို့ခေတ်က မြောက်ဦးခေတ်(အရှေ့ပိုင်း) လေးမြို့ခေတ်ကနေပြီးတော့မှ ထင်ရှားတဲ့မထေရ်မြတ်ကြီးတစ်ပါး သတင်းသုံးတရားအားထုတ်ခဲ့တဲ့နေရာဆိုပြီးတော့မှ သမိုင်းပညာရှင်တွေ တန်ဖိုးထားတဲ့နေရာတစ်ခုဖြစ်ပါတယ်။ ဒါကတော့ လက်ရှိကျောက်ထုတ်နေတဲ့နေရာ ဖြစ်ပါတယ်။ ဒါကကျောက်ထုတ်တဲ့နေရာဖြစ်ပါတယ်။ ဒေသခံလယ်သမားတွေရဲ့ ကျွဲ၊ နွားတွေ အားထားနေရတဲ့ တစ်ခုတည်းသော စားကျက်ကွင်းဖြစ်ပါတယ်။ အဲဒါကို မနှစ်ကတပ်ကနေပြီးတော့မှ လယ်ယာမြေအဖြစ်ပြောင်းလဲပြီးတော့ စိုက်ပျိုးထားတဲ့ လယ်စိုက်ခင်းတွေ ဖြစ်ပါတယ်။ ဒါကတော့ ဝန်ကြီးဌာနကို အကူအညီတောင်းတဲ့အခါမှာ ဝန်ကြီးဌာနက ပြန်ဖြေတဲ့စာ

ဖြစ်ပါတယ်။ အဲဒီထဲမှာ အဲဒီ လယ်ယာမြေတွေရော၊ ဥယျာဉ်ခြံမြေတွေ၊ စားကျက်မြေတွေပါ ဧက ၁၀၀ ကျော်ဟာ လွှဲပြောင်းပေးအပ်ပြီးဖြစ်တယ်လို့ ဖြေထားတဲ့စာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်တော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်း၏ ကျောက်တော်မြို့နယ်ရှိ အုတ်တွောင်ပြင်ကျေးရွာအနီး ပြိန်းချောင်းဦးပိုင်အမှတ် (၆၅၉)ကွင်းနှင့်ပတ်သက်၍ ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များနှင့် မြေပြင်အခြေအနေကွာခြားချက်များကို ပြန်လည်စိစစ်ပေးနိုင်ခြင်းရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်း၏ မေးခွန်းပါ လယ်မြေ ၁၃၂.၇၀ ဧက၊ စားကျက်မြေ ၃၀ ဧကနှင့် ဥယျာဉ်ခြံမြေ ၉၀ ဧက စုစုပေါင်း မြေဧရိယာ ၂၅၂.၇၀ ဧကဟာ အမှတ် (၅၃၉)ခြေမြန်တပ်ရင်း၏ တပ်ပိုင်မြေအတွင်းပါဝင်ပြီး ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်စွဲပါစာအမှတ်၊ ၂၀၀/၂-၅ ဦး၁ ဖြင့် မြေ ၃၀၀.၆၀ ဧကအားလည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၀ ရက်စွဲပါစာအမှတ်၊ ၃၀၀/၂-၄ ဦး၁ ဖြင့် မြေ ၁၄၇.၈၅ ဧက အားလည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၀ ရက်စွဲပါစာအမှတ်၊ ၃၀၀/၁-၈ ဦး၁ ဖြင့် မြေဧက ၁၄၆.၁၂ ဧကအားလည်းကောင်း စုစုပေါင်း ၅၉၄.၅၇ ဧကအား မြေပေးမိန့်များ အသီးသီးရရှိပြီးဖြစ်ပါတယ်။ အဆိုပါမြေဧရိယာအတွင်းမှာ လယ်မြေ ၁၃၂.၇၀ ဧကအား လုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံတော်သို့ ပြန်လည်အပ်နှံပေးခဲ့ပြီးဖြစ်သဖြင့် လက်ရှိတပ်ပိုင်မြေ ၄၆၁.၈၇ ဧကသာ ကျန်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းပါမြေများအနက် မြေ ၃၀.၁၂ ဧကအား တပ်ရင်းမှ ကိုယ်တိုင် စပါးစိုက်ပျိုးလုပ်ကိုင်လျက်ရှိပြီး ကျန်မြေများမှာ ကုန်းမြင့်များဖြစ်ကာ လုံခြုံရေးအရ စစ်ဗျူဟာ

အရေးကြီးမြေနေရာများဖြစ်ပါတယ်။ ကျောက်ထုတ်လုပ်နေမှုများမှာ တပ်ဧရိယာပြင်ပရှိ မြေနေရာများတွင် ဒေသခံပုဂ္ဂလိကလုပ်ငန်းရှင်များမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်ပြုချက်ရယူပြီး ဆောင်ရွက်နေခြင်းသာဖြစ်ကြောင်းသိရှိရပြီး တပ်ပိုင်မြေများအတွင်း ကျောက်ထုတ်လုပ်မှုရောင်းချမှုများမရှိပါကြောင်း စိစစ်တင်ပြအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်းက ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ အုတ္တောင်ပြင်ကျေးရွာအနီး ပြိန်းချောင်းဦးပိုင်အမှတ် (၆၅၉)ရှိစားကျက်မြေ ၃၀ ဧက၊ ဥယျာဉ်ခြံမြေ ၉၀ ဧက၊ လယ်ယာမြေ ၁၃၂.၇၀ ဧက စုစုပေါင်း ၂၅၂.၇၀ ဧကအား ဒေသခံတောင်သူများ၏ အခက်အခဲများကိုစာနာသောအားဖြင့် တစ်စုံတစ်ရာစဉ်းစားဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုဝန်ကြီးကာကွယ်ရေးဝန်ကြီးဌာနထံသို့ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်စွဲပါစာဖြင့် တင်ပြခဲ့ပါတယ်။ အဆိုပါတင်ပြစာနှင့်ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ အဆိုပါမြေများအား ပြန်လည်စွန့်လွှတ်အပ်နှံခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၈၇/၂၀၁၅)ဖြင့် မြေ ၁၃၂.၇၀ ဧကအားလည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၃၅၉/၂၀၁၆)ဖြင့် မြေ ၃၀ ဧကအားလည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၇ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၁၅၄၆/၂၀၁၆)နှင့် (၁၅၄၇/၂၀၁၆)တို့ဖြင့် မြေဧက ၉၀ ဧကအားလည်းကောင်း နိုင်ငံတော်ပိုင်မြေ(State Land)အဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်းထံသို့ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၂/၅၀ဗ-ခ(အုပ်ချုပ်ရေး)/ကကနဖြင့် ပြန်ကြားခဲ့ပြီးဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး၏ တင်ပြစာမှာ ကျောက်တော်မြို့နယ်၊ အုတ္တောင်ပြင်ကျေးရွာအနီး ပြိန်းချောင်းဦးပိုင်အမှတ်(၆၅၉) ဟုဖော်ပြထားသော်လည်း ကွင်းအမှတ်(၆၅၉)မှာ တပ်ပိုင်မြေဖြင့်ရယူထားခြင်းမရှိဘဲနဲ့ တပ်ပိုင်မြေ ၅၉၄.၅၇ ဧကဟာ ကွင်းအမှတ်(၆၉၅)၌သာ တည်ရှိသဖြင့် ကွင်းအမှတ်ကို မှားယွင်းဖော်ပြထားကြောင်းနှင့် စားကျက်မြေ ၃၀ ဧက၊ ဥယျာဉ်ခြံမြေ ၉၀ ဧကဟုဖော်ပြထားသော်လည်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ မြေရာဇဝင်စိစစ်ချက်အရ မူလမြေအမျိုးအစားမှာ စားကျက်မြေများသာဖြစ်သဖြင့် မြေအမျိုးအစားလည်းမှားယွင်းဖော်ပြထားကြောင်း စိစစ်တွေ့ရှိရပါတယ်။ အထက်ပါတင်ပြစာနှင့်ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်ပြီးကြောင်း ပြန်ကြားခဲ့ခြင်းမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြစာတွင် လယ်မြေ ၁၃၂.၇၀ ဧက၊ စားကျက်မြေ ၃၀ ဧက၊ ဥယျာဉ်ခြံမြေ ၉၀ ဧက စုစုပေါင်း

၂၅၂.၇၀ ဧကဟုဖော်ပြထားပြီး အမှတ်(၅၃၉)ခြေမြန်တပ်ရင်းမှ ပြန်လည်စွန့်လွှတ်ခဲ့ပြီးသော မြေများမှာလည်း တူညီနေတဲ့အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြစာမှာ ကွင်းအမှတ်နှင့် မြေအမျိုးအစားများ မှားယွင်းဖော်ပြာထားခြင်းနှင့် မြေ၏တည်နေရာဖော်ပြထားသည့် ကျေးရွာအုပ်စု၊ ကွင်းအမှတ်၊ ကွင်းအမည်များအား တိကျစွာဖော်ပြခြင်းမရှိလို့ကြောင့်လည်းကောင်း ကျွန်တော်တို့က နေပြီးတော့ ပြန်လည်စွန့်လွှတ်ပြီးဖြစ်သည်ဟု ပြန်ကြားခဲ့ခြင်းပဲဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းပါမြေများအနက် ၁၃၂.၇၀ ဧကအား လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်စွန့်လွှတ်ပေးခဲ့ပြီးဖြစ်ခြင်း၊ ကျန်မြေရာသည် တပ်ရင်းအတွက် အမှန်ကတယ်လိုအပ်သည့် မြေဧရိယာကိုသာ တိုင်းတာတွက်ချက်ရယူထားခြင်း၊ တပ်မှစတင် သိမ်းဆည်းစဉ်က အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော စားကျက်မြေများဖြစ်ပြီး အခမဲ့လွှဲပြောင်းပေးခဲ့ခြင်း တို့ကြောင့် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် ကျောက်ထုတ်လုပ်နေမှုများမှာ တပ်ဧရိယာ ပြင်ပရှိ မြေနေရာများတွင် ဒေသခံပုဂ္ဂလိကလုပ်ငန်းရှင်များမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်ပြုချက်ရယူပြီး ဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း သိရှိရသည်ဖြစ်တဲ့အတွက် ကြောင့် တပ်ပိုင်မြေအတွင်းမှာလည်း ကျောက်ထုတ်လုပ်မှုများမရှိပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဦးထွန်းဝင်း(ကျောက်တော်မဲဆန္ဒနယ်)**။ ။ အခုလို ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ဒီမေးခွန်းမမေးခင်မှာ ဒီစာကို ဝန်ကြီးဌာနကိုမပို့ခင်မှာ သက်ဆိုင်ရာမြေစာရင်း၊ ဌာန၊ ပုဂ္ဂိုလ်တွေနဲ့ ကျွန်တော်တို့ကွင်းဆင်းပြီးတော့မှ သေချာလုပ်ခဲ့တာ ဖြစ်ပါတယ်။ ဒုတိယဝန်ကြီးဖြေသွားတဲ့ထဲမှာ ဒီမြေတွေက တပ်ရဲ့လုံခြုံရေးအရ စွန့်လွှတ်နိုင်ခြင်းမရှိဘူး ဆိုတော့ ဆက်စပ်ပြီးတော့ မေးလိုတဲ့မေးခွန်းက တပ်ကနေပြီးတော့မှ စားကျက်မြေတွေကို မစွန့်လွှတ်နိုင်ရင်တောင်မှ မူလအနေအထားအတိုင်း ဒီမြေတွေက မနှစ်က မြေရိုင်းတစ်ခုကို စိုက်ပျိုး တာတောင်မှ သေချာဖြစ်ထွန်းတဲ့အခြေအနေမရှိပါဘူး။ ကျွန်တော့်ကို Power Point နဲ့ရှေ့ကို တစ်ခုလောက်ပြပေးပါ။ မနှစ်က တပ်ကနေ စိုက်ထားတဲ့လယ်ယာစိုက်ခင်းတွေဖြစ်ပါတယ်။ မြေရိုင်း တွေထပြီးတော့ ဘာမှလည်းအကျိုးအမြတ်မရှိပါဘူး။ သက်ဆိုင်ရာတပ်ကနေပြီးတော့ ဗိုလ်ကြီးတွေ၊ ဗိုလ်မှူးတွေနဲ့ ကျွန်တော်တို့ဆွေးနွေးပါတယ်။ သူတို့ကလည်း ကျွန်တော်တို့ကိုပြောပါတယ်။

တကယ်လည်း အကျိုးအမြတ်မရှိပါဘူး။ တပ်အတွက်ဘာမှလည်း အကျိုးအမြတ်မရှိဘူး။ ပြည်သူတွေအတွက်တော့ သူတို့ရဲ့ကျွဲ၊ နွားတွေ အခက်အခဲဆိုတာ တောင်သူလယ်သမားတွေရဲ့ အခက်အခဲပဲဖြစ်ပါတယ်။ တစ်ခုတည်းသောစားကျက်ဖြစ်တဲ့အတွက် တော်တော်အခက်အခဲဖြစ်နေတဲ့အတွက် မစွန့်လွှတ်နိုင်ရင်တောင်မှ ဒီဟာကို ပုံမှန်အနေအထားအတိုင်း စားကျက်မြေအဖြစ်နဲ့ ထားပေးဖို့ အစီအစဉ်ရှိ/မရှိ ဆက်စပ်ပြီးတော့ မေးမြန်းလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ယခုကြယ်ပွင့်ပြမေးခွန်းကို မမေးမြန်းခင်မှာ ပြည်ထောင်စုဝန်ကြီးထံ ကာကွယ်ရေးဝန်ကြီးဌာနကို စာနဲ့ပေးပို့တာရှိပါတယ်။ ဒီစာကို ကျွန်တော်တို့လက်ခံရရှိပြီးတော့ ဒီစာမှာပါလာတဲ့အထဲက ကျွန်တော်တို့ကနေပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းကို အရေးယူပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီမှာတော့ မေးတဲ့မြေဟာ အမှတ်(၆၅၉)လို့ခေါ်သော်လည်း ကျွန်တော်တို့က တပ်ကမြေကအမှတ်(၆၉၅) ထဲမှာ တပ်ပိုင်မြေမရှိပါဘူး။ အမှတ်(၆၉၅/၆၉၆) မှာ ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့စွန့်လွှတ်လိုက်တဲ့မြေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ မြေအမျိုးအစားတွေက တူနေတဲ့အတွက်ကြောင့် ကျွန်တော်တို့ကလည်း မြန်မြန်ဆန်ဆန်နဲ့ အကြောင်းပြန်ကြားပေးလိုက်လို့ရှိရင် တောင်သူလယ်သမားတွေနဲ့ မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးစေလိုတဲ့ စေတနာဖြင့် စွန့်လွှတ်ပေးကြောင်းကို အကြောင်းပြန်ကြားခြင်းဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း လွှတ်တော်ကိုယ်စားလှယ်ကြီးကိုလည်း တပ်ကိုယ်စားလှယ်တွေနဲ့လည်း ရှင်းလင်းပြပြီးကြောင်းလည်း ကျွန်တော့်အနေနဲ့ သိရပါတယ်။ အမှတ်(၅၃၉)ခြေမြန်တပ်ရင်းအနေနဲ့ တပ်တည်ဆောက်ရာမှာ သိမ်းဆည်းတဲ့အခါမှာဆိုရင် အမှတ်(၆၉၅/၆၉၆)မှာပဲ ကျွန်တော်တို့ဆီမှာရှိတဲ့မြေများဖြစ်ပါတယ်။ ကျန်တဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး အရင်မေးတဲ့ထဲမှာပါတဲ့ အမှတ်(၆၅၉)ဟာ ကျွန်တော့်မှာ မပါတဲ့အတွက်ကြောင့် စပြီးတော့မေးကတည်းကလည်း ကွင်းအမှတ်တွေက ကွဲလွဲနေတာကို တွေ့ရှိရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ တင်ပြစာမှာဖော်ပြတဲ့ စားကျက်မြေ ၃၀ ဧက၊ ဥယျာဉ်ခြံမြေ ၉၀ ဧကတို့ကိုလည်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းအင်းဦးစီးဌာနများမှာ မြေရာဇဝင်တွေကို ကျွန်တော်တို့ သွားရောက်စစ်ဆေးပါတယ်။ စစ်ဆေးတဲ့မှတ်တမ်းတွေလည်း ကျွန်တော်တို့ဆီမှာရှိပါတယ်။ အဲဒီမှာလည်း မူလမြေများမှာ စားကျက်မြေများဖြစ်တဲ့အတွက်ကြောင့် မြေအမျိုးအစားလည်း ကွဲလွဲနေပါတယ်။ ကျွန်တော်တို့ တပ်မှာတော့ သိမ်းဆည်းတဲ့မြေတွေမှာ တပ်ပိုင်အတွက် လိုအပ်ချက်အရ

သိမ်းဆည်းတဲ့အခါမှာလည်းများသောအားဖြင့် လယ်မြေတွေကိုရှောင်ပြီးတော့ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ စားကျက်မြေများကိုသာ သိမ်းဆည်းတာဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော့်အဖြေမှာလည်း ဒီမေးခွန်းနဲ့ပတ်သက်လို့လည်း လွှတ်တော်ကိုယ်စားလှယ်ကြီး ကျွန်တော်တို့ဆီကို စာနဲ့ပေးပို့တုန်းကလည်း ဖြေကြားပြီးဖြစ်သလို အခုလည်း ကျွန်တော်တို့ကနေ အောက်ခြေကွဲလွဲချက်တွေကို စိစစ်ဖြေကြားပြီးတဲ့အတွက်ကြောင့် အပြည့်အစုံဖြေပြီးတဲ့အတွက် ထပ်မံဖြေကြားရန်တော့မရှိတော့ပါဘူး။ ဒါပေမဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးကနေ ပြန်လည်တင်ပြတဲ့အထဲမှာ စားကျက်လည်း အခက်အခဲ၊ ဒီမှာလည်း အခက်အခဲတွေ့ရပါတယ်။ စားကျက်မြေနဲ့ပတ်သက်ပြီးတော့ လိုအပ်ချက်တွေရှိတာလည်း သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဒီမှာတော့ အဖြေမပေးနိုင်ပါဘူး။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ကျွန်တော်တို့ ကာကွယ်ရေးဝန်ကြီးဌာနကို လိုအပ်ချက်တွေကို အကျိုးအကြောင်းဖော်ပြပြီးတော့ ပြည့်ပြည့်စုံစုံစာရေးပြီးတော့ စာနဲ့ပဲရေးသားဆက်သွယ်ပေးပါ။ ကျွန်တော်တို့ကနေပြီးတော့ သက်ဆိုင်ရာစိစစ်တင်ပြပြီးတော့ ပြန်လည်စွန့်လွှတ်ပေးနိုင်က ပြန်လည်စွန့်လွှတ်ပေးသွားပါ့မယ်။ ဒီမှာတော့ ကျွန်တော်တို့လည်း အဖြေမပေးနိုင်ပါဘူး။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ယခင်ငြိမ်းချမ်းရေး ရယူခဲ့သော ဒေသဖြစ်သည့် ပန်ဝါမြို့နှင့် ချီဖွေမြို့သို့ ဆက်သွယ်ထားသောလမ်းကို ခွဲကျောက်စီခင်းလမ်း ဖောက်လုပ်ခဲ့ပြီး ယခုအချိန်တွင် လုံးဝပျက်စီးနေပါသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇုံးတိန့်(ချီဖွေမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးအမှူးပြု၍ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားများနေထိုင်ရာဒေသ မတည်ငြိမ်မှုကြောင့် လမ်းပန်းဆက်သွယ်ရေး မကောင်းခဲ့၍ လူနေမှုဘက်စုံဆင်းရဲနွမ်းပါးမှုမြင့်မားနေခဲ့ခြင်းကို အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာရေးဖော်ဆောင်ရန် ထာဝရငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေရေး မူဝါဒလမ်းစဉ်အရ

ယခင်အစိုးရအဖွဲ့မှ ကချင်ပြည်နယ်အထူးဒေသ(၁)NDAK တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းကို ယုံကြည်မှုတည်ဆောက်ကာ ထာဝရငြိမ်းချမ်းရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အသွင်ကူးပြောင်းရယူခဲ့ပြီးတော့ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နိုင်ရန်အတွက်လည်း ပန်ဝါမြို့သစ်ကိုလည်း တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ပန်ဝါမြို့ကို အစိုးရအဖွဲ့အစည်းမှ ၁၈ ဌာနကို ဖွဲ့စည်းထားရှိနိုင်ခဲ့ပြီးသော်လည်း ပန်ဝါမြို့နှင့်ချီဖွေမြို့ကို ဆက်သွယ်သောလမ်းကို ငြိမ်းချမ်းရေးရယူခဲ့သော အဖွဲ့အစည်းမှသာ ခွဲကျောက်စီခင်းလမ်းကို ဖောက်လုပ်ခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ပါတယ်။

၎င်းလမ်းကို အစိုးရအဖွဲ့မှလည်း ဆက်လက်အဆင့်မြှင့်တင်ပေးသွားရန် တာဝန်ခံခဲ့တာဖြစ်ပါတယ်။ သို့သော် အဆိုပါပန်ဝါမြို့နှင့် ချီဖွေမြို့ ဆက်သွယ်သောလမ်းကို ဝန်ကြီးဌာနမှ ငြိမ်းချမ်းရေးရယူခဲ့စဉ် တာဝန်ခံခဲ့မှုကို အလေးထားဆောင်ရွက်ပေးရန်ကိစ္စအားနည်းနေသည်ကို တွေ့ရှိရပါတယ်။ ယခုအချိန်တွင် အဆိုပါလမ်းသည် အဖွဲ့အစည်းမှ ဖောက်လုပ်ခဲ့သော ခွဲကျောက်စီလမ်းကို သက်ဆိုင်ရာဌာနမှ ဆက်လက်ထိန်းသိမ်းအဆင့်မြှင့်တင်ပေးရန် အားနည်းနေခြင်းကြောင့် ထိုကျောက်စီခင်းကျောက်များ လွင့်စင်ပျက်စီးသွားသဖြင့် အများပြည်သူများနှင့် ဌာနဆိုင်ရာများ ခက်ခဲစွာသွားလာနေကြရပါတယ်။ ထို့အပြင် မိုးတွင်းကာလအတွင်း တခါတရံ ပန်ဝါမြို့နှင့် ချီဖွေမြို့ ဆက်သွယ်မှုပြတ်တောက်လျက်ရှိရာ ပန်ဝါမြို့၏ဌာနဆိုင်ရာနဲ့ပြည်သူများအချို့တွေ ဝိုင်းမော်မြို့ကန်ပိုက်တီမှ ပန်ဝါမြို့သို့ တရုတ်နိုင်ငံမှတစ်ဆင့် သွားလာနေကြရပါတယ်။

ယခင် ငြိမ်းချမ်းရေးရယူခဲ့သောဒေသဖြစ်သည့် ပန်ဝါမြို့နှင့် ချီဖွေမြို့သို့ ဆက်သွယ်သောလမ်းကို အဖွဲ့အစည်းမှ ခွဲကျောက်စီခင်းလမ်းဖောက်လုပ်ခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ဆက်လက်အဆင့်မြှင့်တင်ပေးရန် တာဝန်ပေးခဲ့သည့်လမ်းသည် ယခုအချိန်တွင် လုံးဝပျက်စီးနေပါသဖြင့် ၎င်းငြိမ်းချမ်းရေးရယူခဲ့သော ဒေသရှိလမ်းကို အထူးအလေးထားဆောင်ရွက်ပေးရန် လိုအပ်နေမှုကို ဝန်ကြီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးဘတ်ဂျက်ဖြင့် ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်းဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ကချင်ပြည်နယ် ယခင်ငြိမ်းချမ်းရေးရယူခဲ့တဲ့ဒေသဖြစ်တဲ့ ပန်ဝါမြို့နှင့် ချီဖွေမြို့သို့ ဆက်သွယ်ထားသောလမ်းကို ခွဲကျောက်စီခင်းလမ်း ဖောက်လုပ်ခဲ့ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ဆက်လက်အဆင့်မြှင့်တင်ပေးပါရန် တာဝန်ပေးအပ်ခဲ့သည့် လမ်းသည် ယခုအချိန်တွင် လုံးဝပျက်စီးနေပါသဖြင့် ၎င်းငြိမ်းချမ်းရေးရယူထားတဲ့ ဒေသရှိလမ်းကို အထူးအလေးထားဆောင်ရွက်ပေးရန်လိုအပ်နေမှုကို ဝန်ကြီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်လမ်းသို့မဟုတ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်ငြိမ်းချမ်းရေးရယူခဲ့တဲ့ဒေသဖြစ်သည့် ပန်ဝါမြို့နှင့်ချီဖွေမြို့ကို ဆက်သွယ်ထားသော ချီဖွေ-ပန်ဝါလမ်းသည် ၆၄.၇၈ ကီလိုမီတာရှည်လျားပြီးတော့ ယနေ့အချိန်အထိ လမ်းအခြေအနေက ၆၄.၇၈ ကီလိုမီတာတစ်လမ်းလုံးသည် အမာခံလမ်းပြောင်းဖူးစေ့ ကျောက်ခင်းလမ်းဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ကချင်ပြည်နယ် အစိုးရအဖွဲ့ရဲ့ ငွေလုံးငွေရင်းရန်ပုံငွေ ဒီလမ်းသည် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ ၂၀၁၈-၂၀၁၉ ပြီးခဲ့တဲ့ဘဏ္ဍာရေးနှစ်မှာ အဆိုပါလမ်းကို ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဖို့အတွက် ရန်ပုံငွေတင်ပြတောင်းခံခဲ့ပါသော်လည်းပဲ လမ်းအတွက်ရန်ပုံငွေမရဘဲနဲ့ ကျွန်တော်တို့ ဒီကွန်ကရစ် Box Culvert အစင်း ၂၀ တည်ဆောက်ဖို့အတွက် ရန်ပုံငွေ ၃၂၀ သန်းရတဲ့အတွက် လောလောဆယ်မှာတော့ ကွန်ကရစ် Box Culvert များ ဆောင်ရွက်ခဲ့ပါတယ်။ စုစုပေါင်း အစင်း ၂၀ တည်ဆောက်တဲ့နေရာမှာ အခုဟာက ရာခိုင်နှုန်း ၇၀ လောက်ပြီးစီးနေပြီဖြစ်ပါတယ်။ အဆိုပါလမ်းရဲ့ လာမည့်နှစ်မှာ ဆောင်ရွက်ဖို့အတွက်ကိုတော့ အဆိုပါလမ်းရဲ့ လမ်းအစပိုင်းဖြစ်တဲ့ ၀ ကီလိုကနေ ၁၇.၇ အထိ ကီလိုမီတာအရှည်ရယ် လမ်းရဲ့အဆုံးပိုင်းဖြစ်တဲ့ ၄၇ ကနေပြီးတော့ ၆၄.၇၈ ကီလိုမီတာ စုစုပေါင်း ၃၅ ကီလိုမီတာ အဲဒီအရှည်ကို လာမည့်နှစ်မှာ ကျွန်တော်တို့က ၁၀.၄ မီတာ တောင်ကမ်းပါး

ယံတွေ ချဲ့ပါမယ်။ ကျဉ်းနေတဲ့ တောင်ကမ်းပါးယံတွေချဲ့ဖို့ အဲဒီနေရာတွေမှာ ပြုန်းကျောက်ခင်းဖို့ ၆.၁ အကျယ်မီတာရှိတဲ့ ခွဲကျောက်ခင်းလမ်း ဆောင်ရွက်ပါမယ်။

အကျယ် ၅.၅ မီတာရှိတဲ့ ကွန်ကရစ်လမ်းများခင်းဖို့ လျာထားပါတယ်။ ကျောက်စီရေမြောင်းရှည် ၃၂၀၀ မီတာ၊ ကျောက်စီမြေထိန်းနံရံ မီတာ ၁၄၀၊ အရှည် ၁.၅၂ မီတာ ကွန်ကရစ်တံတားပေါင်း ၈၄ စင်းထပ်ပြီးတော့ တည်ဆောက်ဖို့လိုပါသေးတယ်။ ဒီလမ်းပေါ်မှာ၊ နောက် အရှည် ၃.၀၅ မီတာရှိတဲ့ ကွန်ကရစ်တံတား သုံးစင်း အစရှိတဲ့လုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေကို ကျွန်တော်တို့ တင်ပြတောင်းခံသွားမှာဖြစ်ပါတယ်။ တောင်းခံပြီးတော့ ကချင်ပြည်နယ်အစိုးရအဖွဲ့ကနေပြီးတော့ ခွဲဝေပေးတဲ့ ရန်ပုံငွေအပေါ်မူတည်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**လားရှိုးမြို့ မြို့တွင်းလမ်းတိုးချဲ့ပေးစေလိုမှု၏ ဆက်စပ်မေးခွန်းဖြေကြားချက်နှင့်ပတ်သက်၍ ဆောင်ရွက်ပေးနိုင်မှုအပေါ် သိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းမောက်ခမ်း(လားရှိုးမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅-၈-၂၀၁၆ ရက်နေ့မှာ ကျွန်တော်ရဲ့မဲဆန္ဒနယ် လားရှိုးမြို့ရဲ့ မြို့တွင်းလမ်းများ တိုးချဲ့ပြုပြင်ပေးဖို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့ပါတယ်။ အဲဒါကို ရှမ်းပြည်နယ်အစိုးရရဲ့ဖြေကြားချက်နှင့်ပေါင်းစပ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက ယခင်ပြည်ထောင်စုဝန်ကြီးမှ လာရောက်ဖြေကြားပေးခဲ့ပါတယ်။ တစ်ခါ ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရရဲ့ ဖြေကြားချက်ကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနကပဲ ရုံးစာဖြင့်ပြန်လည်ဖြေကြားပေးပို့လာပါတယ်။ ဖြေကြားချက်ကို အနည်းငယ်တင်ပြရမယ်ဆိုရင် မြို့တွင်းလမ်းပိုင်းဖြစ်တဲ့ မြို့တော်ခန်းမအဝိုင်းလမ်းဆုံကနေ အေဘီတံတားအထိ လမ်းပိုင်းဟာ ပြည်ထောင်စုဝန်ကြီးဌာန စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့လမ်းပိုင်းဖြစ်ပြီး Oriental Highway Company ကို B.O.T စနစ်နဲ့ ချပေးထားတဲ့လမ်းဖြစ်ပါကြောင်း၊ ယင်းကုမ္ပဏီအနေနဲ့ လားရှိုးမြို့ရှောင်လမ်းဖောက်လုပ်ပေးထားခဲ့ရတဲ့အတွက် ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း မြို့တွင်းလမ်းကိုတိုးချဲ့ဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်း ရုံးစာဖြင့်ပြန်ကြားခဲ့တာဖြစ်ပါတယ်။ ဖော်ပြပါလမ်းပိုင်းဟာ မြို့လယ်ကောင်

လမ်းမကြီးဖြစ်နေခြင်း၊ လမ်းတစ်လျှောက်အိမ်ဆိုင်များနှင့်ပြည့်နှက်နေခြင်း၊ အဝေးပြေးယာဉ်ရပ်နားစခန်းရှိနေခြင်း၊ ဘုရားများ၊ ကျောင်းများနှင့်ကပ်လျက် ဖြတ်သန်းသွားလာရတဲ့လမ်းဖြစ်နေခြင်းစတာတွေကြောင့် လားရှိုးမြို့ရဲ့အရှုပ်ထွေးဆုံးလမ်းတစ်လမ်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုလိုပါတယ်ခင်ဗျား။ အခုပုံမှာမြင်တဲ့အတိုင်း ဒီမှာသမိုင်းဝင်မန်ဆူဘုရားကြီးရှိပါတယ်။ မန်ဆူဈေးလည်းရှိပါတယ်။ လမ်းတစ်လျှောက်ဆိုလို့ရှိရင်အိမ်ဆိုင်၊ ဟိုတယ်၊ တည်းခိုခန်း၊ ကားဂိတ်၊ ထမင်းဆိုင်၊ စတိုးဆိုင်စတာတွေ အမြောက်အမြားရှိပါတယ်။ ဒါ့ကြောင့် မော်တော်ယာဉ်တွေနဲ့အမြဲလိုလိုရှုပ်ထွေးတဲ့လမ်းဖြစ်ပါတယ်။ ဒါလည်းအလားတူပါပဲ။ ယာဉ်ကြောပိတ်ဆို့နေတဲ့ပုံတွေ၊ ကြပ်တည်းနေတဲ့ပုံတွေဖြစ်ပါတယ်။ ဒါလည်းထို့အတူပါပဲ။ သွားတဲ့ယာဉ်နဲ့လာတဲ့ယာဉ်တွေ ပြည့်ကြပ်နေတဲ့ပုံဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကိုမေးခဲ့တာ ဒီကနေ့ဆိုရှိရင် နှစ်နှစ်ခွဲတိတိကြာခဲ့ပါပြီ။ ဒီ B.O.T ကုမ္ပဏီအနေနဲ့က ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း အစီအစဉ်မရှိသေးပါလို့ဖြေထားပါတယ်။ ဒါဆိုလို့ရှိရင်ရှေ့ကာလတွေမှာရော ဆက်လက်လုပ်ပေးဖို့ အစီအစဉ်ရှိ/မရှိဆိုတာကို ပြည်သူများဘက်ကလည်းသိရှိလိုကြပါတယ်။ Oriental Highway Company အနေနဲ့ မြို့ရှောင်လမ်းဖောက်လုပ်ထားရလို့ဒီမြို့တွင်းလမ်းကို တော်ရုံတန်ရုံနဲ့ပြုပြင်နိုင်တော့မှာမဟုတ်ဘူးဆိုလို့ရှိရင်လည်း ဒီလမ်းပိုင်းကိုပြည်ထောင်စုအစိုးရအနေနဲ့သော်လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအနေနဲ့သော်လည်းကောင်းတာဝန်ယူဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

ဒါ့ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ (၁)ဖော်ပြပါလမ်းပိုင်းကို ပြည်ထောင်စုဝန်ကြီးဌာန သို့တည်းမဟုတ် ရှမ်းပြည်နယ်အစိုးရတို့က Oriental Highway Company ထံမှပြန်လည်လွှဲပြောင်းရယူပြီး တိုးချဲ့ပြုပြင်ပေးသွားရန်အစီအစဉ်ရှိပါသလား၊ (၂)အစီအစဉ်မရှိဘူးဆိုလို့ရှိရင် ယာဉ်အသွားအလာအဆင်ပြေစေဖို့ တခြားမည်သို့သောအစီအမံများဖြင့် ဆောင်ရွက်ပေးနိုင်ပါမည်၊ (၃)အစီအစဉ်ရှိမယ်ဆိုပါက မည်သည့်အချိန်တွင်စတင်ဆောင်ရွက်မှာဖြစ်ပြီး အဲဒီလိုဆောင်ရွက်ရာမှာ လမ်းလယ်ကောင်ပိုင်းသို့ရောက်ရှိလာတတ်တဲ့ ဓာတ်မီးတိုင်နှင့် တယ်လီဖုန်းတိုင်တွေ၊ ပလက်ဖောင်းနှင့် ရေမြောင်းတွေ အဲဒါတွေနဲ့ သက်ဆိုင်တဲ့ဝန်ကြီးဌာနများနှင့်တစ်ပြိုင်တည်းညှိနှိုင်းပြောင်းရွှေ့ပေးနိုင်မယ့်အစီအစဉ်ကိုပါ သိရှိလိုတဲ့အတွက် ပြည်သူများရဲ့ကိုယ်စား မေးမြန်းရတာဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်၊ လားရှိုးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းမောက်ခမ်းမှ မေးမြန်းထားတဲ့ လားရှိုးမြို့တွင်းလမ်း တိုးချဲ့ပြုပြင်စေလိုမှု၏ ဆက်စပ်မေးခွန်းဖြေကြားချက်နှင့်ပတ်သက်၍ ဆောင်ရွက်ပေးနိုင်မှုအပေါ် သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှပေးပို့လာတဲ့ အချက်အလက်များနှင့် ပေါင်းစပ်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းသည် အခုအချိန်မှာမေးတာတော့ ပင်မလမ်းကြီး(မိန်းလမ်းကြီး)တစ်ခုတည်းကို မေးသလိုဖြစ်နေပါတယ်။ သို့သော်လည်း မူလမေးခွန်းမှာပါတဲ့အတိုင်း ဒီလမ်းလေးခုကိုခြုံငုံပြီးတော့ ရှင်းလင်းတင်ပြပါ့မယ်ခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ကနေ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်ရန်ပုံငွေကျပ်၁၅.၇ သန်းဖြင့် လမ်းမတော်လမ်းမှ ဈေးလမ်းဆုံထိ လမ်းအရှည် ၉၂၀ ပေ ကို အကျယ် ၃၆ ပေ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းအားလည်းကောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ်ရန်ပုံငွေ ၄၁.၁ သန်းဖြင့် ရန်ကင်းလမ်းဆုံမှ ရေပန်းလမ်းဆုံအထိ လမ်းအရှည် ၁၃၆၀ ပေကို တစ်ဖက်လျှင် ၁၀ ပေစီချဲ့၍ အကျယ် ၄၆ ပေ ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းအားလည်းကောင်း ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါတယ်။ အဲဒါက ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်တုန်းက ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖြေခဲ့တဲ့အဖြေပေါ်မှာ ဆောင်ရွက်ပြီးစီးမှု နံပါတ်(၁)ဖြစ်ပါတယ်ခင်ဗျား။ ပြီးတော့မှ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် ပြည်နယ်ဆောက်လုပ်ရေးအဖွဲ့မှ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိတဲ့ လားရှိုးဘူတာရုံလမ်း ၂ မိုင် ၂ ဖာလုံအနက်မှ ၁ မိုင်အား အကျယ် ၅၄ ပေအကျယ် နိုင်လွန်ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ မိုင်တိုင်အမှတ်(၁)မှ(၂)ထိ ၁ မိုင် ၂ ဖာလုံအား အကျယ် ၄၄ ပေအကျယ် နိုင်လွန်ကတ္တရာလမ်းအဖြစ်လည်းကောင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒါလည်း ၂၀၁၆ ခုနှစ်တုန်းကဖြေခဲ့တဲ့ ဆက်စပ်မေးခွန်းအဖြေကို ဆောင်ရွက်ပြီးစီးပြီးတဲ့မှတ်တမ်း(၂)ဖြစ်ပါတယ်ခင်ဗျား။

လားရှိုးကြီးဘူတာရုံလမ်း မိုင်တိုင်အမှတ်(၀)မှ(၂/၃)အထိ ၂ မိုင် ၃ ဖာလုံအနက်မှ ၂ မိုင် ၁ ဖာလုံအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေ ၁၅၈၆၅.၇၆၃ သန်းဖြင့် ကတ္တရာလမ်းအကျယ် ၁၈ ပေမှာ အကျယ် ၃၆ ပေထိ တိုးချဲ့ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ နိုင်လွန်ကတ္တရာလမ်းခင်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီးတော့ ဆောင်ရွက်ရန်ကျန်ရှိတဲ့ ၂ ဖာလုံကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ငွေလုံးငွေရင်းရန်ပုံငွေမှာ ထပ်မံတောင်းခံထားပါတယ်။ အဲဒါက ကျွန်တော်တို့ နံပါတ်(၃)ဖြစ်တဲ့ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်တုန်းက ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖြေတဲ့ နံပါတ်(၃)ဆက်စပ်မေးခွန်းရဲ့ ဆောင်ရွက်ထားရှိမှုအခြေအနေပဲဖြစ်ပါတယ်။

လားရှိုး-မန်စံ-နမ္မတူလမ်းမှာ ၂၈ မိုင် ၄ ဖာလုံရှည်လျားပြီးတော့ လားရှိုး-မန်စံ-နမ္မတူလမ်းကြီးကတော့ အခုကိုယ်စားလှယ်တော်ကြီးပြောတဲ့ အဓိကလမ်းကြီးဖြစ်ပါတယ်။ ဒီလမ်းကြီးကတော့ စုစုပေါင်း လားရှိုးမြို့ထဲမှာ ၂၈ မိုင် ၄ ဖာလုံ ရှည်လျားပါတယ်။ အဲဒါကတော့ လားရှိုးမြို့တွင်းလမ်း(၀/၀)ကနေ (၁/၁/)အထိ လမ်းအထူးအဖွဲ့(၆)ကနေတာဝန်ယူပါတယ်။ ၎င်းလမ်းပိုင်းကိုတော့ ကတ္တရာလမ်းအကျယ် ၂၂ ပေကနေ အကျယ် ၂၈ ပေအထိ တိုးချဲ့ခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ မိုင်တိုင်အမှတ်(၀)ကနေ(၇)အထိ ၇ ဖာလုံကိုတော့ ၂၈ ပေအကျယ် နိုင်လွန်ကတ္တရာခင်းခြင်းအတွက် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၅၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီးတော့ ကျန်ရှိတဲ့ ၂ ဖာလုံကိုတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေမှာ ဖြည့်စွက်မှာတင်ပြတောင်းခံသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမှာ သိန္နီလမ်းဟုပါရှိတဲ့ လမ်းပိုင်းကတော့ အခုတင်ပြလာတဲ့လမ်းပိုင်းဖြစ်ပါတယ်။ လားရှိုးမြို့တွင်းအပိုင်းဖြစ်ပါတယ်။ မြို့တော်ခန်းမအပိုင်းကနေ အေတီတံတားအထိ ၁၇၂ ကနေ ၁၇၈ ထိ ၆ မိုင်ရှည်လျားတဲ့ ဒီလမ်းပိုင်းဖြစ်ပါတယ်။ မြို့တွင်းလမ်းပိုင်းဖြစ်တဲ့အတွက် ယာဉ်သွားလာမှုတွေလည်းများပြီးတော့ မော်တော်ယာဉ်တွေ ကြပ်တည်းရှုပ်ထွေးနေတဲ့နေရာဖြစ်ပါတယ်ခင်ဗျား။ လက်ရှိက အကျယ် ၄၈ ပေအကျယ် ကတ္တရာလမ်းဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ အဲဒီလမ်းကတော့ Oriental Highway Company ကနေပြီးတော့ B.O.T စနစ်နဲ့ဆောင်ရွက်တဲ့လမ်းပိုင်းပေါ်မှာတည်ရှိပါတယ်။ အဲဒီတော့ ဒီလမ်းပိုင်းသည် မန္တလေးကနေပြီးတော့ လားရှိုးကိုဖြတ်ပြီးတော့ မူဆယ်အထိ ရောက်ရှိသွားတဲ့လမ်းဖြစ်ပြီးတော့ အဆိုပါလမ်းပိုင်း

တစ်လမ်းလုံးကို ၄၈ ပေချဲ့ဖို့အတွက် ဒီကုမ္ပဏီကို ကျွန်တော်တို့က ဖိအားပေးထားတာဖြစ်တဲ့အတွက် မြို့တွင်းလမ်းတွေအားလုံး ၄၈ ပေချဲ့ပြီးပါပြီ။ မြို့ပြင်လမ်းတွေအားလုံး ၄၈ ပေချဲ့ပြီးသွားရင် ဒီမြို့တွင်း လမ်းပိုင်းကို AC ကတ္တရာပြန်ခင်းဖို့အတွက် ဒီ Oriental Highway Company ကို ထပ်မံပြီးတော့ အကြောင်းကြားထားပြီးဖြစ်ပါတယ်။ အဲဒီလိုမြှင့်တင်တဲ့အချိန်မှာ ကျွန်တော်တို့ညှိနှိုင်းဆက်သွယ်ရမယ့် လျှပ်စစ်မီးတိုင်တွေ၊ ဆက်သွယ်ရေးတိုင်တွေ၊ စည်ပင်သာယာကဆောင်ရွက်တဲ့ ပလက်ဖောင်းတွေ အဲဒီလိုဒါတွေကို ရွှေ့ပြောင်းနိုင်ရေးအတွက် ကျွန်တော်တို့ သက်ဆိုင်ရာဌာနများနဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဝက်ဝံရွာကနေ ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ် အထိက စုစုပေါင်း ၂၀၅ မိုင်အရှည်ရှိပါတယ်။ ၄၈ ပေ လေးလမ်းသွားလမ်းအဖြစ်နဲ့ တစ်လမ်းလုံးကို ကျွန်တော်တို့က ဆောင်ရွက်နေပြီဖြစ်ပြီးတော့မှ ဒီဟာဆောင်ရွက်ပြီးသွားလို့ရှိရင်တော့ ကျွန်တော်တို့ ခန့်မှန်းထားပါတယ်။ ၂၀၂၀ ခုနှစ်နောက်ပိုင်းကာလများမှာ လားရှိုးမြို့တွင်းလမ်း ယခုဖော်ပြပါလမ်းကို AC လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားနိုင်ပြီဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**မင်းလှမြို့နယ်၊ တောင်ဦးကျေးရွာအနီး ရွာဦးထိပ်မှ ဖြတ်သန်းစီးဆင်းနေသော ချောင်းအား ရေကျော် (သို့) တံတားတည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းလှမဲဆန္ဒနယ်မှ ဦးကျော်ကြီး(ခ)ဦးအုန်းခင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ကြီး(ခ)ဦးအုန်းခင်(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ နှင့် ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေး တိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကြီး(ခ)ဦးအုန်းခင် ဖြစ်ပါတယ်။ ကျွန်တော်ဒီနေ့မေးမြန်းမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ တောင်ဦးကျေးရွာအနီး ရွာဦးထိပ်မှ ဖြတ်သန်းစီးဆင်းနေသော ချောင်းအား ရေကျော်(သို့)တံတား တစ်ခုတည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိ ဒေသခံပြည်သူများကိုယ်စား မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျိုးကြောင်းဖော်ပြတင်ပြလိုသည်မှာ ကျွန်တော်၏မဲဆန္ဒနယ်မြေဖြစ်သော မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ တောင်ဦးကျေးရွာဟာ မင်းလှမြို့နှင့် ၁၀ မိုင်ခန့်အကွာမှာတည်ရှိပြီးတော့ မင်းလှ

စစ်စနုတ်-ကန်ဒုတ်တို့၏ လမ်းနှင့်တစ်မိုင်အကွာမှာ တည်ရှိနေပါတယ်။ လူဦးရေအားဖြင့် ၂၈၃၃ ဦးနှင့် အိမ်ထောင်စုပေါင်း ၇၂၇ စုရှိပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ အထက်တန်းကျောင်းခွဲ တိုးတက်ဖွင့်လှစ်ခဲ့ပြီးတော့ ကျောင်းသားဦးရေ ၅၆၇ ဦး ပညာသင်ကြားလျက်ရှိပါတယ်။ အဲဒီဒေသက ပြည်သူတွေဟာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အစစအရာရာ မင်းလှမြို့ကို မှီခိုအားထားရ ပါတယ်။ အဲဒီလိုမှီခိုအားထားရဖို့အတွက် တောင်ဦးကျေးရွာကနေ မင်းလှသို့သွားရာလမ်းကြီးနှင့် တောင်ဦးကျေးရွာ တစ်မိုင်လောက်ကွာဝေးနေပြီးတော့ အဲဒီရွာရဲ့အဝင် ရွာနံဘေးကနေ ဖြတ်သန်း စီးဆင်းနေတဲ့ ချောင်းတစ်ချောင်းရှိပါတယ်။

ကျွန်တော်ကို Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ အဲဒီချောင်းဟာ ချောင်းရေလာချိန်မှာ ငါးနာရီနှင့် ခြောက်နာရီအတွင်းကြာမြင့်နိုင်ပြီးတော့ ချောင်းရေရဲ့အမြင့်ဟာ ကိုးပေကနေ ၁၀ ပေအထိ လာတက်ပါတယ်။ မိုးရွာတိုင်းလာတာဖြစ်ပြီးတော့ ချောင်းရေကျသွားပြီးဆိုပြန်ရင်လည်း နှစ်ရက်၊ သုံး ရက်နဲ့ ကားတွေ၊ ဆိုင်ကယ်တွေကူးဖို့ အခက်အခဲတွေ တွေ့နေရပါတယ်။ အဲဒီလိုအခက်အခဲတွေ ရှိနေတဲ့အတွက် ကုန်စည်သယ်ဆောင်မှုတွေ အခက်အခဲဖြစ်ရတယ်။ အခြေခံစားသောက်ကုန်တွေ ဈေးကြီးမှုဖြစ်ရတယ်။ နှစ်စဉ်ကြုံတွေ့နေရတဲ့ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကိုက်လူနာများ၊ အခြား အရေးကြီးလူနာများ၊ ကျောင်းသူကျောင်းသားများ လွန်စွာအခက်အခဲပြဿနာနှင့် နှစ်စဉ်ကြုံတွေ့နေ ကြရပါတယ်။ Power Point ပိတ်လို့ရပါပြီခင်ဗျား။ သို့ဖြစ်ပါ၍ အဆိုပါချောင်းအား ချောင်းရေကျော် (သို့မဟုတ်) ကွန်ကရစ်ရေကျော်တံတားတစ်စင်း တည်ဆောက်ပေးပါရန်နှင့် မည်သည့်နှစ်တွင် တည်ဆောက်ပေးပါမည်ဖြစ်ကြောင်း သိရှိလိုပါ၍ ဒေသခံပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကြီး(ခ) ဦးအုန်းခင်မှ မေးမြန်းထားတဲ့ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ တောင်ဦးကျေးရွာအနီး ရွာဦးထိပ်မှ ဖြတ်သန်းစီးဆင်းလျက်ရှိတဲ့ ချောင်းအားရေကျော်(သို့)တံတား တည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား မကွေးတိုင်းဒေသကြီးအစိုးရ

အဖွဲ့ကိုယ်စား ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တောင်ဦးကျေးရွာသည် သရက်-မင်းလှ လမ်း မိုင်တိုင်အမှတ် (၅၆/၀)မှ (၅၆/၄)အတွင်းမှာရှိပါတယ်။ မင်းလှမြို့နယ်မှ တောင်ဦးကျေးရွာကြား တွင်တည်ရှိတဲ့ ရေဆုံချောင်းမှာရေစီးသန်ပြီးတော့ မိုးတွင်းရာသီ၌ ပုံမှန်မိုးရွာသွန်းချိန်မှာ ရေအနက် ခြောက်ပေ၊ အကျယ် ၂၅၀ ပေခန့်ရှိ၍ ချောင်းရေကျချိန်အား ၃ နာရီမှ ၂၄ နာရီအထိ ကြာအောင် စောင့်ဆိုင်းရပြီးတော့ မိုးသည်းထန်စွာဆက်တိုက်ရွာသွန်းပါက ရေအနက်ကိုးပေခန့်ရှိပြီးတော့ ချောင်း ရေကျချိန်ကို ခုနစ်ရက်ခန့်ကြာအောင်စောင့်ဆိုင်းရပါသဖြင့် ဒေသခံပြည်သူများမှာ ဖြတ်သန်းသွား လာရန် အခက်အခဲဖြစ်ပေါ်နေပါသဖြင့် တံတားတစ်စင်းတည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါတယ်။

အဆိုပါရေဆုံချောင်းကူးတံတားကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးနိုင်ဖို့ အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေများတင်ပြတောင်းခံသွားမှာဖြစ်ပြီး ရန်ပုံငွေခွဲဝေ ရရှိမှုအပေါ်မူတည်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ် ပါတယ်။အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပေတောမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့ကို ဆက်သွယ်သော ထိပ်စွန်း-သုံးခွ(ကျောက်ဖျာလေး) လပွတ္တာလမ်းပေါ်ရှိ ရေပေါ်ကြီးမှ သစ်ပုတ်ထိပ်ကမ်းအထိ ဖောက်လုပ်ရန် ကျန်ရှိနေသေးသော မြေသားလမ်း(၅)မိုင်ကို လာမည့်ဘတ်ဂျက်နှစ်တွင် စတင်ဖောက်လုပ်နိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပေတောမဲဆန္ဒနယ်မှ ဦးသန်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းအောင်(ပေတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပေတောမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ပေတော မြို့နယ်နဲ့ လပွတ္တာမြို့နယ်တွေကို ဆက်သွယ်တဲ့ ထိပ်စွန်း-သုံးခွ-(ကျောက်ဖျာလေး)လပွတ္တာလမ်းပေါ် မှာရှိတဲ့ ရေပေါ်ကြီးကနေပြီးတော့ သစ်ပုတ်ထိပ်ကမ်းအထိ ဖောက်လုပ်ရန် ကျန်ရှိနေသေးတဲ့ မြေသား လမ်း ၅ မိုင်ကို လာမယ့်ဘတ်ဂျက်နှစ်မှာ စတင်ဖောက်လုပ်နိုင်ဖို့ အစီအစဉ်ရှိ/မရှိနဲ့ အဘယ်ကြောင့်

နောက်ကျကျန်ရစ်နေတာကို သိရှိလို၍ မေးမြန်းသောမေးခွန်းဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၁) လမ်းအထူး ၂၀ မှ တာဝန်ယူဖောက်လုပ်လျက်ရှိတဲ့ ထိပ်စွန်း-သုံးခွ-(ကျောက်ဖျာလေး)လပွတ္တာလမ်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လာတာ နာဂစ်မုန်တိုင်းလွန်ကာလဖြစ်တဲ့ ၂၀၀၉ ခုနှစ်ကတည်းက ဖြစ်ပါတယ်။ အဆိုပါလမ်းဟာ အလယ်ကျွန်းဒေသ ထိပ်စွန်းမှ သစ်ပုတ်ထိပ်ကမ်းခြေအထိဖြစ်သော်လည်း ရေပေါ်ကြီးကျေးရွာအထိသာ အမာခံကျောက်ချောလမ်းပြီးစီးပြီး သစ်ပုတ်ထိပ်အထိ ရှေ့ဆက်ဖောက်လုပ်ရန် ကျန်ရှိနေဆဲမြေသားလမ်း ၅ မိုင်မှာ ယခုတိုင် ဆောင်ရွက်နိုင်ခြင်းမရှိသေးသည်ကို တွေ့ရပါတယ်။ အဲဒီလမ်းပိုင်းကတော့ ၁၅ မိုင် ၇ ဖာလုံကနေပြီးတော့ ၂၀ မိုင် ၇ ဖာလုံအထိ ဖြစ်ပါတယ်။ စီမံကိန်းပထမပိုင်းကာလတွေက ဖောက်လုပ်ခဲ့တဲ့ မြေသားလမ်းတွေဟာလည်း နှစ်စဉ် နိမ့်ကျ၊ ကျွံကျလို့ ပြန်လည်မြှင့်တင်ရတာတွေ၊ မြေသားလမ်းတွေကိုခွဲပြီးတော့ မြေသားအသစ်တွေ ထည့်ရတာတွေ၊ ပျက်စီးသွားတဲ့တံတားတွေ ပြင်ဆင်ရတာ၊ ချဉ်းကပ်လမ်းတွေ တည်ဆောက်ရတာ၊ RC Tower တွေ တည်ဆောက်ရတာကြောင့် နှစ်စဉ်လျာထားတဲ့ဘတ်ဂျက်တွေဟာ ရှေ့ဆက်ဆောက်လုပ်ရမယ့် လမ်းစီမံကိန်းမှာ အချိုးအစားမညီမမျှဖြစ်နေတာ တွေ့ရပါတယ်။ ကျွန်တော်တို့အလယ်ကျွန်းဒေသဟာ ကျေးရွာပေါင်း ၂၂ အုပ်စုရှိပြီးတော့ တစ်မြို့နယ်လုံးလူဦးရေရဲ့ သုံးပုံတစ်ပုံခန့် နေထိုင်ကြပါတယ်။ ငပုတောမြို့နယ်တစ်မြို့နယ်လုံးရဲ့ အကျယ်ဆုံးမြေပြန့်လွင်ပြင်ဖြစ်ပြီးတော့ လယ်ယာလုပ်ငန်း၊ နေလှန်းဆားလုပ်ငန်း၊ ပင်လယ်ပုစွန်မွေးမြူရေးလုပ်ငန်း၊ မြစ်တွင်းနှင့်ပင်လယ်ငါးဖမ်းလုပ်ငန်းတို့ကို လုပ်ကိုင်ကြလို့ ဆန်၊ စပါး၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်တွေကို တစ်နိုင်ငံလုံးကို တင်ပို့ရောင်းချနေပါတယ်။ ပို့ဆောင်ဆက်သွယ်ရေးနဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍတို့မှာ အလွန်အမင်း နောက်ကျကျန်ရစ်နေတဲ့အတွက် အရှိန်အဟုန်နဲ့ တိုးတက်ရမယ့်အစား ဒေသဖွံ့ဖြိုးမှုတွေဟာ တုံ့ဆိုင်းနှေးကွေးခဲ့ရပါတယ်။ ယခုဘဏ္ဍာရေးနှစ်မှာလည်း မိုးတွင်းကာလက ပျက်စီးသွားတဲ့ အမာခံလမ်းများကို ပြန်လည်ပြင်ဆင်ရဦးမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဘတ်ဂျက်ကတော့ လုံးဝချထားပေးခြင်းမရှိဘူးလို့ သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျန်တဲ့မြေသားလမ်း ၅ မိုင်ကိုလည်း ဘယ်အချိန်မှာ ဆက်လက်ပြီးတော့ ဆောက်ဦးမလဲဆိုတာကို ကျွန်တော်တို့အနေနဲ့ သိရှိလိုနေတာဖြစ်ပါတယ်။ Power Point နဲ့ တင်ပြခွင့်ပြုပါခင်ဗျား။ အဲဒီမှာတော့ နံပါတ်(၄) က ကျွန်တော်တို့ရဲ့လမ်း ဖြစ်ပါတယ်။ လပွတ္တာ-ကျောက်ဖျာလေး-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း ၆၂ မိုင် ၃ ဖာလုံဖြစ်ပါတယ်။ ဒါကတော့ လမ်းစီမံကိန်းရဲ့ ပြထားတဲ့မြေပုံဖြစ်ပါတယ်။ အလယ်ကျွန်းကြီးကိုဖြတ်ပြီးတော့ တည်ဆောက်ထားတဲ့လမ်းဖြစ်ပါတယ်။ ဒါကတော့

ကျွန်တော်တို့ အခုဆက်လက်လိုအပ်နေတဲ့ မြေသားလမ်း ၅ မိုင်ဖြစ်ပါတယ်။ ရေပေါ်ကြီးကျေးရွာက နေပြီးတော့ သစ်ပုတ်ထိပ်ကမ်းအထိ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ငွေလုံးငွေရင်း တင်ပြတောင်းခံထားတဲ့အထဲမှာ မပါဝင်တဲ့ ဘတ်ဂျက်တောင်းခံမှုဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ဒါကြောင့်မို့လို့ ကျန်ရှိနေတဲ့ မြေသားလမ်း ၅ မိုင်ကို အမြန်ဆုံးပြီးစီးဖို့နဲ့ အမာခံလမ်းအဖြစ် ဆက်လက်ဖောက်လုပ်နိုင်ဖို့အတွက် နှစ်စဉ်ဘတ်ဂျက်တွေကို တိုးမြှင့်ခွင့်ပြုဖောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို မဲဆန္ဒရှင်ပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်မှ မေးမြန်းထားတဲ့ ငပုတောမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့ကို ဆက်သွယ်သော ထိပ်စွန်း-သုံးခွ-လပွတ္တာ-ကျောက်ဖျာလေးလမ်းပေါ်ရှိ ရေပေါ်ကြီးမှ သစ်ပုတ်ထိပ်ကမ်းအထိ ဖောက်လုပ်ရန်ကျန်ရှိနေတဲ့ မြေသားလမ်း ၅ မိုင်ကို လာမည့်ဘတ်ဂျက်နှစ်တွင် စတင်ဖောက်လုပ်နိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် အဘယ်ကြောင့် နောက်ကျကျန်ရစ်နေသည်ကို သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လပွတ္တာ (ကျောက်ဖျာလေး)-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်းမှာ မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင်ပါဝင်သော လမ်းမကြီး ၁၁ ခုအနက်မှ နာဂစ်လမ်းအမှတ်(၄)ဖြစ်ပြီးတော့ လမ်းအရှည်မှာ ၅၅ မိုင် ၁ ဖာလုံရှိပြီး ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်း ဖြစ်ပါတယ်။ ၎င်းလမ်းပိုင်း၏ အခြေအနေမှာ ၃၀-၉-၂၀၁၈ ရက်နေ့ရှိ ကတ္တရာလမ်း ၈ မိုင်၊ အမာခံလမ်း ၂၆ မိုင် ၂ ဖာလုံနှင့် မြေသားလမ်း ၂၀ မိုင် ၇ ဖာလုံဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်း၏ မိုင်တိုင်အမှတ်(၁၅/၇)မှ (၂၀/၇)အထိ ၅ မိုင်အား မြေသားတာပေါင်တင်ခြင်းနှင့် ခွဲကျောက်ဖြင့် အမာခံလမ်းခင်းခြင်း၊ မိုင်တိုင်အမှတ်(၂၀/၇)မှ (၂၇/၇)အထိ ၇ မိုင်အား အကျယ် ၁၂ ပေ ကတ္တရာလမ်းခင်းခြင်းနှင့် မိုင်တိုင်အမှတ်(၄၄/၆)မှ (၄၇/၁)အထိ ၂ မိုင် ၃ ဖာလုံအား ခွဲကျောက်ဖြင့် အမာခံလမ်းခင်းခြင်း၊

မိုင်တိုင်အမှတ်(၂၀/၀)မှ (၅၅/၀)အတွင်း ကွန်ကရစ်ရေပြွန်ငါးစင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထား တင်ပြတောင်းခံခဲ့ပါသော်လည်း ရန်ပုံငွေမရရှိခဲ့ပါသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဆက်လက်ပြီးတော့ လျာထားတင်ပြတောင်းခံသွားမှာ ဖြစ်ပါတယ်။ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ၎င်းလမ်းပိုင်းမှာ ကျန်ရှိနေတဲ့ မြေသားလမ်းများအား မြေသား တာပေါင်တင်ခြင်း၊ အမာခံလမ်းခင်းခြင်း၊ တည်ဆောက်ရန်ကျန်ရှိနေတဲ့ တံတားများအား ကွန်ကရစ်တံတားများ တည်ဆောက်ခြင်းနှင့် အမာခံလမ်းခင်းပြီးတဲ့အပိုင်းများကို ၁၂ ပေ အကျယ် ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ဘဏ္ဍာရေးနှစ် အလိုက် ရန်ပုံငွေများ တင်ပြတောင်းခံသွားမှာဖြစ်ပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်ခင်ဗျား။

**မတူပီ-ပလက်ဝလမ်းပေါ်ရှိ ကုလားတန်မြစ်ကူးတံတား(ပလက်ဝ)တည်ဆောက်ရေးစီမံကိန်းအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ထပ်မံလိုအပ်ရန်ပုံငွေအား ပြည်ထောင်စုရန်ပုံငွေမှ တာဝန်ယူဆောင်ရွက် ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိန်အောင်(ပလက်ဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်အောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ချင်းပြည်နယ်၊ မတူပီ-ပလက်ဝ ကားလမ်းပေါ်ရှိ ကုလားတန်မြစ်ကူးတံတား(ပလက်ဝ)တည်ဆောက်ရေးစီမံကိန်းအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ထပ်မံလိုအပ်ရန်ပုံငွေအား ပြည်ထောင်စုရန်ပုံငွေမှ တာဝန်ယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့မေးခွန်းကို Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် လေးစားစွာတောင်းခံအပ်ပါတယ်ခင်ဗျား။ ဒါကတော့ ကုလားတန်မြစ်ကူးတံတား(ပလက်ဝ)အား တည်ဆောက်ပြီးပါက တွေ့မြင်ရမယ့်ပုံ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ပလက်ဝမြစ်ကူးတံတား

တည်နေရာပြမြေပုံဖြစ်ပါတယ်။ ပလက်ဝမြို့ဟာ ကုလားတန်မြစ်ရဲ့အနောက်ဘက်ကမ်းမှာတည်ရှိပြီး တော့ မတူပီ-ပလက်ဝကားလမ်းနှင့် ကျောက်တော်-ပလက်ဝကားလမ်းတွေဟာ ကုလားတန်မြစ်ရဲ့ အရှေ့ဘက်ကမ်းမှာရှိတဲ့အခါမှာ မော်တော်ယာဉ်တွေ ပလက်ဝမြို့ကို တိုက်ရိုက်ဝင်ရောက်နိုင်ဖို့ရန် အတွက် လိုအပ်တဲ့အတွက်ကြောင့် ကုလားတန်မြစ်ကူးတံတားတည်ဆောက်ဖို့ လိုအပ်ခြင်းဖြစ်ပါ တယ်။ ဒါကတော့ တံတားဆိုင်ရာအချက်အလက်များဖြစ်ပါတယ်။ အချက်အလက်များထဲကနေပြီး တော့ အထူးသဖြင့် တံတားစီမံကိန်းတန်ဖိုးကတော့ ကျပ် ၂၇၀၀၀ သန်းဖြစ်ပြီးတော့ လုပ်ငန်းစတင် ဆောင်ရွက်တဲ့နေ့ကတော့ ၁-၅-၂၀၁၇ ခုနှစ် ဖြစ်ပါတယ်။ ပြီးစီးမည့်နေ့ကတော့ ၃၁-၃-၂၀၂၀ ခုနှစ် ဖြစ်ပါတယ်။ ဒါကတော့ ကုလားတန်မြစ်ကူးတံတား(ပလက်ဝ)ကို မတူပီကမ်းဘက်က လုပ်ငန်းခွင်အား မြင်တွေ့ရတဲ့ပုံဖြစ်ပါတယ်ခင်ဗျား။ ဒါကလည်းပဲ မတူပီဘက်ကမ်းလုပ်ငန်းခွင်အား တွေ့မြင်ရတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ပင်မတံတားလုပ်ငန်းခွင်အား တွေ့မြင်ရတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ လုပ်ငန်းခွင်အား အပေါ်စီးမှ တွေ့မြင်ရတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ပလက်ဝဘက်ကမ်းလုပ်ငန်းခွင်အား တွေ့မြင်ရတဲ့ပုံဖြစ်ပါတယ်ခင်ဗျား။ ဒါကလည်းပဲ ပလက်ဝဘက်ကမ်းလုပ်ငန်းခွင်အား တွေ့မြင်ရတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ကုလားတန်မြစ်ကူးတံတား(ပလက်ဝ)ရဲ့ရရှိပြီးရန်ပုံငွေနှင့် ထပ်မံလိုအပ်တဲ့ ရန်ပုံငွေစာရင်းဖော်ပြတဲ့ဇယားဖြစ်ပါတယ်။ ဒီနေရာမှာ လုပ်ငန်းစတင်ဆောင်ရွက်တဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ရန်ပုံငွေအရဆိုရင် ပြည်ထောင်စုကနေပြီးတော့ သန်း ၁၄၀၀ ရရှိပါတယ်။ နောက် ပြည်နယ်ရန်ပုံငွေကနေပြီးတော့ ၂၅၂၅ သန်းဖြစ်ပါတယ်။ နောက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် Mini Budget မှာ ပြည်ထောင်စုကနေပြီးတော့ သန်း ၁၀၀၀ ဖြစ်ပြီးတော့ ပြည်နယ်ဘတ်ဂျက်က ၁၇၄၈.၁၃၅ သန်းဖြစ်ပါတယ်။ နောက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုက သန်း ၅၀၀၀ ဖြစ်ပြီးတော့ ပြည်နယ်က သန်း ၃၀၀၀ ဖြစ်ပါတယ်။ နောက်ထပ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ထပ်မံ လိုအပ်ငွေကတော့ မြစ်ကူးတံတားတည်ဆောက်ရေးအတွက် သန်း ၁၂၃၂၆.၈၆၅ ဖြစ်ပြီးတော့ ချဉ်းကပ်လမ်းလုပ်ငန်းအတွက် သန်း ၂၀၀၀ ဖြစ်ပါတယ်။ အကျဉ်းချုပ်အနေနဲ့ ဖော်ပြရရင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စုမှ ကျပ်သန်း ၇၄၀၀ ဖြစ်ပြီးတော့ ချင်းပြည်နယ်ရန်ပုံငွေထဲက နေပြီးတော့ ကျပ်သန်း ၇၂၇၃.၁၃၅ သန်းရရှိပြီးဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ချင်းပြည်နယ်ဟာ ပထဝီအနေအထားအရ တောင်တန်း၊ တောင်ကုန်းတွေ၊ ချောင်းတွေ၊ မြောင်းတွေ ပေါများတဲ့အတွက် လမ်းပန်းဆက်သွယ်ရေးမှာ လွန်စွာခက်ခဲနေဆဲဖြစ်ပါတယ်။ တစ်နေရာနှင့်တစ်နေရာအဆင်ပြေစွာ

ဆက်သွယ်သွားလာနိုင်ဖို့အတွက် လမ်းတံတားတွေ တည်ဆောက်ဖို့ လိုအပ်မှုမြင့်မားနေဆဲလည်း ဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စီမံခန့်ခွဲရန် ရန်ပုံငွေလိုအပ်လျက်ရှိနေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကုလားတန်မြစ်ကူးတံတား(ပလက်ဝ)စီမံကိန်း အတွက် စောစောက ကျွန်တော် Power Point တွင် ဖော်ပြသည့်အတိုင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အထိ ချင်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေမှ ကျပ် ၇၂၇၃.၁၃၅ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၄၉.၅၆၇ ရာခိုင်နှုန်းပါဝင်ပြီးဖြစ်ပါတယ်။ အဆိုပါ ကုလားတန်မြစ်ကူးတံတားဟာ ချင်းပြည်နယ်အတွက် ဂုဏ်ယူစရာဖြစ်သည့်သာမက ပြည်သူများအတွက်လည်း များစွာအကျိုးပြုစေမှာဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်အစိုးရအား အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါ ကုလားတန်မြစ်ကူးတံတား(ပလက်ဝ)စီမံကိန်းလုပ်ငန်းအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ထပ်မံလိုအပ်ရန်ပုံငွေအား ပြည်ထောင်စုရန်ပုံငွေမှ တာဝန်ယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့်လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်အောင်မှ မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ မတူပီ-ပလက်ဝလမ်းပေါ်မှာ ရှိတဲ့ ကုလားတန်မြစ်ကူးတံတား(ပလက်ဝ)တည်ဆောက်ရေးစီမံကိန်းအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ထပ်မံလိုအပ်သောရန်ပုံငွေအား ပြည်ထောင်စုရန်ပုံငွေမှ တာဝန်ယူဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်အတွင်းရှိ မတူပီ-ပလက်ဝလမ်းပေါ်ရှိ ကုလားတန်မြစ်ကူးတံတားမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် ချင်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောတံတားဖြစ်ပြီးတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်ပြီး တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ ၎င်းတံတားသည် အရှည် ၁၉၄၂ ပေ သံဘောင်အမျိုးအစားဖြစ်ပြီးတော့ ပင်မတံတားမှာ Steel Truss နှင့် ချဉ်းကပ်တံတားမှာ Continuous Steel Plate Girder & Box Girder အမျိုးအစားတို့ ဖြစ်ပါတယ်။ ယာဉ်သွားလမ်းအကျယ် ၇.၅ မီတာဖြစ်ပြီး ခွင့်ပြုယာဉ် ၇၅ တန် (တန်ချိန်)ခွင့်ပြုမှာ

ဖြစ်ပါတယ်။ တံတားစီမံကိန်းတန်ဖိုးမှာ စုစုပေါင်းကျပ်၂၇ ဘီလီယံဖြစ်ပြီးတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စု(ဖြည့်စွက်)ရန်ပုံငွေကျပ် ၁၄၀၀ သန်းနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေ ၂၅၂၅ သန်း စုစုပေါင်း ၃၉၂၅ သန်းအားလည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပထမခြောက်လမှာ ပြည်ထောင်စုရန်ပုံငွေ သန်း ၁၀၀၀ နှင့် ချင်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေ ၁၇၄၈.၁၃၅ သန်း စုစုပေါင်း ၂၇၄၈.၁၃၅ သန်းအားလည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ၁၂ လ ရန်ပုံငွေမှာ ပြည်ထောင်စုရန်ပုံငွေ ၅ ဘီလီယံနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေ ၃ ဘီလီယံ စုစုပေါင်း ရှစ်ဘီလီယံဖြင့်လည်းကောင်း စုစုပေါင်းဆောင်ရွက်ခဲ့တဲ့ နေရာမှာ စုစုပေါင်း ၁၄.၆၇ ဘီလီယံရရှိပြီးဖြစ်ပါသဖြင့် ထပ်မံလိုအပ်တဲ့ရန်ပုံငွေသည် ၁၂.၃၃ ဘီလီယံ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့မေးခွန်းကတော့ လိုအပ်နေတဲ့ ၁၂.၃၃ ဘီလီယံကို ပြည်ထောင်စုကနေလျာထားပေးဖို့ဆိုပြီးတော့ မေးလာတဲ့မေးခွန်း ဖြစ်ပါတယ်။ အဆိုပါကုလားတန်မြစ်ကူးတံတား(ပလက်ဝ) ပြီးဆုံးနိုင်ရေးအတွက် ကျွန်တော်တို့က ချင်းပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်းပါတယ်။ ညှိနှိုင်းတဲ့အခါကျတော့ လိုအပ်နေတဲ့ ၁၂.၃၃ ဘီလီယံကို ပြည်ထောင်စုကနေ ၆ ဘီလီယံထည့်ပါမယ်။ ချင်းပြည်နယ်အစိုးရအဖွဲ့က ၆.၃၃ ဘီလီယံထည့်ပြီး တော့ လာမယ့် ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလမှာ ပြီးစီးအောင်တည်ဆောက်ပါမယ်။ ချင်းပြည်နယ်နေ့ ဟာလည်းပဲ ဖေဖော်ဝါရီလထဲမှာ ကျင်းပနိုင်တယ်ဆိုရင် အဲဒီနေ့ပွဲအမီကို ကျွန်တော်တို့ဖွင့်လှစ်နိုင် အောင်လုပ်ပါ့မယ်ဆိုပြီး မူလချင်းပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်းထားပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ တကယ်လို့သာ အဲဒီညှိနှိုင်းထားချက်အတိုင်း ချင်းပြည်နယ်အစိုးရအဖွဲ့ကလည်း အခုနက လိုအပ်နေ တဲ့ရန်ပုံငွေရဲ့တစ်ဝက်ကို ဖြည့်ဆည်းပေးမယ်ဆိုရင် ပြည်ထောင်စုကလည်း ခြောက်ဘီလီယံပေးမယ်ဆိုရင် ၂၀၁၉ ခုနှစ်အတွင်းမှာ ကျွန်တော်တို့က ပြီးအောင်တည်ဆောက်ပြီး ၂၀၂၀ ဖေဖော်ဝါရီလမှာ ဖွင့်လှစ် သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တံတားကြီးအချိန်မီဖွင့်လှစ်နိုင်ဖို့အတွက်ကိုတော့ ချင်းပြည်နယ် အစိုးရအဖွဲ့ကလည်း ပူးပေါင်းဆောင်ရွက်ပေးဖို့ လိုအပ်ကြောင်း၊ နမူနာအားဖြင့် ပြောရလို့ရှိရင် မြောင်းမြတံတားဆိုရင် ဧပြီလ ၁ ရက်နေ့ဆိုရင် ဖွင့်နိုင်ပါမယ်ခင်ဗျား။ ဒီလိုတစ်နှစ်အတွင်းမှာ ပြီးစီး အောင်ဆိုလို့ရှိရင် ပြည်ထောင်စုရန်ပုံငွေနှင့် မလုံလောက်ပါဘူး။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ကလည်း ရန်ပုံငွေတစ်ဝက်မျှပြီးကျခံရပါတယ်။ ဒီအတိုင်းပါပဲ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကျန်တဲ့ကြိုးတံတားလေးစင်းကို အသစ်တည်ဆောက်တဲ့နေရာမှာလည်း ဧရာဝတီတိုင်းဒေသကြီးအစိုးရ

အဖွဲ့နှင့်ညှိနှိုင်းပြီးတော့ အမြန်ဆုံးပြီးစီးရေးအတွက်ကို ပြည်ထောင်စုကလည်း ရန်ပုံငွေထည့်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ရန်ပုံငွေထည့်ပါတယ်။ အဲဒီလိုနဲ့အချိန်မီပြီးစီးအောင်ဆောင်ရွက်ရပါတယ်ခင်ဗျား။ အခု စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ တည်ဆောက်ပြီးစီးခဲ့တဲ့ ခန္တီးတံတား၊ ဟုမ္မလင်းတံတားစသည်များကလည်းပဲ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ရဲ့ ပေါင်းစပ်ညှိနှိုင်းတည်ဆောက်ပြီးတော့ ရန်ပုံငွေကို နှစ်ဖက်စလုံးက ဝိုင်းဝန်းထည့်ခြင်းအားဖြင့် အချိန်မီပြီးစီးသွားခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပလက်ဝတံတားတည်ဆောက်ရေးစီမံကိန်းမှာလည်း ချင်းပြည်နယ်အစိုးရအဖွဲ့မှ ရန်ပုံငွေထည့်ပေးဖို့ လိုအပ်ပါကြောင်းနှင့် အဲဒီလိုမျိုးထည့်ပေးမယ်ဆိုရင်တော့ ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလမှာ ဖွင့်လှစ်သွားနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ပေါက်တောမြို့နယ်၊ အလယ်ဖရုံကာကျွန်း မြင့်ဂါ-ဖားဒူကားလမ်းပေါ် ငရုတ်ချောင်းကျေးရွာအနီးရှိ ချောင်းကိုဖြတ်၍ သံကူကွန်ကရစ်တံတားတစ်စင်းဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များကို လေးစားစွာ ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ပေါက်တောမဲနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံပါ။ ကျွန်တော့်အနေနဲ့ မေးချင်တဲ့မေးခွန်းကတော့ ပေါက်တောမြို့နယ်၊ အလယ်ဖရုံကာကျွန်း မြင့်ဂါ-ဖားဒူကားလမ်းပေါ်မှာရှိတဲ့ ငရုတ်ချောင်းကျေးရွာအနီးရှိ ချောင်းကိုဖြတ်၍ သံကူကွန်ကရစ်တံတားတစ်စင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးပါမည်လဲဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းမေးတဲ့ရည်ရွယ်ချက်ကတော့ ဖော်ပြပါနေရာမှာ RC တံတား ခိုင်ခိုင်မာမာတစ်စင်းရဖို့ရယ်၊ နောက်တစ်ချက်ကတော့ ပြည်ထောင်စု၊ ပြည်နယ်အစိုးရရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ဆိုတဲ့ အခြေအနေကစိတ်မချရလို့ ပြည်ထောင်စုရန်ပုံငွေထဲကပေးပါဆိုတဲ့အချက်ကို ကြိုတင်အစီရင်ခံထားချင်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ ခုန အလယ်ဖရုံကာကျွန်းပေါ်ရှိ မြင့်ဂါ-ဖားဒူလမ်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ န.တ.လ က တာဝန်ယူဖောက်လုပ်ခဲ့ပါတယ်။ နှစ်နှစ်ကျော်ကာလမှာ ပြီးပါ

တယ်။ နောက် ၂၀၁၆-၂၀၁၇ ခုနှစ်အရောက်မှာတော့ န.တ.လ ကနေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို လွှဲပါတယ်။ အဲဒီကတဖန် အခုနေ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကို လွှဲပြောင်းပေးပါတယ်။ ဆိုလိုတာကတော့ လေးနှစ်အတွင်းမှာ ဌာနသုံးခုပြောင်းသွားပေမဲ့လည်း ကျွန်တော်တို့လမ်းဟာ ကောင်းကောင်းမွန်မွန် မဖြစ်ခဲ့ပါဘူး။ လမ်းအခြေအနေနဲ့ ပတ်သက်လို့ လိုအပ်တဲ့အချက်အလက်များကို Power Point ဖြင့် တင်ပြပါမယ်။ ဒါလမ်းရဲ့အခြေအနေဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့လမ်းမှာ တံတားဆောက်လုပ်ဖို့ကျန်နေတဲ့နေရာကို ပြပါတယ်။ တံတားဆောက်လုပ်မယ့်နေရာကို ကောင်းကင်ကမြင်ရတဲ့ပုံဖြစ်ပါတယ်။ ဒီဘက်မှာ လမ်းပိုင်းက ၅ မိုင်လောက်ကျန်နေပေမဲ့လည်း အလယ်မှာပြတ်တောက်နေတဲ့အတွက် သွားရေးလာရေးခက်တယ်ဆိုတဲ့သဘောဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ နွေရာသီမှာရိုက်ထားတဲ့ ချောင်းရဲ့အနေအထားဖြစ်ပါတယ်။ ရေမခန်းပါဘူး။ အမြဲတမ်းရေရှိနေပါတယ်။ ဒီချောင်းကို တခြားတစ်ဖက်မှ မြင်ရတဲ့ပုံ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်တင်ပြလိုတာကတော့ တင်ပြပါအတိုင်း ရေပွန်တွေ၊ ရေထွက်တွေ အများကြီးရှိပေမဲ့လည်း ဒီတံတားက မလုပ်ခဲ့တဲ့အတွက် ထူးထူးခြားခြားကျန်နေပါတယ်။ ဌာနသုံးခုကလည်း လုပ်ပေးတာမရှိတဲ့အတွက် အခုထိအောင် တံတားအပြင်ဘက်မှာရှိတဲ့ ရွာသုံးရွာလောက်ဟာ သီးခြားအဆက်အသွယ်ပြတ်ပြီး ကျန်နေဆဲဖြစ်ပါတယ်။ ငရုတ်ချောင်း ချောင်းဟာတောင်ကျချောင်းဖြစ်တာကတစ်ကြောင်း၊ မိုးတွင်းကာလ ပင်လယ်လှိုင်းဝင်ရောက်တာကတစ်ကြောင်းကြောင့် ဖြတ်သန်းသွားလာရတာ အလွန်အန္တရာယ်များပါတယ်။ အဲဒါကြောင့် လူထုအနေနဲ့ ဒီလမ်းကို ပီပီပြင်ပြင်ဆောင်ရွက်ပေးဖို့ မကြာခဏတင်ပြတောင်းဆိုခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်တို့ နီးလျက်နဲ့ဝေးနေသော ရွာသုံးရွာနှင့် ကျွန်းသူကျွန်းသားများအတွက် ပင်လယ်ထွက်ပေါက်ရရှိစေရန်အလို့ငှာ ပေ ၁၀၀ အကျယ်ရှိ ငရုတ်ချောင်းချောင်းကိုဖြတ်၍ သံကူကွန်ကရစ်တံတားတစ်စင်း ဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိ၊ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးပါမည်နည်းဆိုတာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံမှ မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ အလယ်ဖရုံကာကျွန်း-မြင့်ဂါ-ဖားဒူကားလမ်းပေါ်ရှိ ငရုတ်ချောင်းကျေးရွာအနီးရှိ ချောင်းကိုဖြတ်၍ သံကူကွန်ကရစ်တံတားတစ်စင်းဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးပါမည်နဲ့စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ အလယ်ဖရုံကာကျွန်း၊ မြင့်ဂါ-ဖားဒူကားလမ်းအရှည် ၂၀ မိုင် ၃ ဖာလုံပေါ်တွင်တည်ရှိသည့် ငရုတ်ချောင်းကျေးရွာချောင်းကူးတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော တံတားဖြစ်ပါတယ်။ အဆိုပါ ငရုတ်ချောင်းကျေးရွာအနီးရှိ ချောင်းမှာ အကျယ် ၁၀၀ ပေကျော်ရှိပြီးတော့ သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပြီးပါက ကျေးရွာ ၂၉ ရွာ၊ အိမ်ခြေ ၄၃၁၁၊ လူဦးရေပေါင်းနှစ်သောင်းကျော်ကို လမ်းပန်းဆက်သွယ်ရေးအတွက် တိုက်ရိုက်အကျိုးပြုမည်ဖြစ်ပါသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေမှာ ထည့်သွင်းလျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီးတော့ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဦးဇော်မင်းသိန်း၊ လေးမျက်နှာမဲဆန္ဒနယ်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အဓိကကျသည့် ကျေးလက်နေပြည်သူလူထု၏လူနေမှုဘဝမြှင့်တင်နိုင်ရန် မဖြစ်မနေဆောင်ရွက် ရမည့်ကဏ္ဍတစ်ရပ်ဖြစ်သော ကျေးလက်လမ်း၊ တံတားများ တည်ဆောက်အကောင်အထည်ဖော် ရာတွင် ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လေးမျက်နှာ မဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးဇော်မင်းသိန်းအား အဆို တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဇော်မင်းသိန်း(လေးမျက်နှာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ လေးမျက်နှာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း ဖြစ်ပါတယ်။ ယနေ့လွှတ်တော်ကြီးမှာ ကျွန်တော် တင်သွင်းမယ့်အဆိုကတော့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အဓိကဖြစ်သည့် ကျေးလက်နေပြည်သူလူထု၏ လူနေမှုဘဝမြှင့်တင်နိုင်ရန် မဖြစ်မနေဆောင်ရွက်ရမည့်ကဏ္ဍတစ်ရပ် ဖြစ်သော ကျေးလက်လမ်း၊ တံတားများ တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေး ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာဖြစ်ပါ တယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ကြီးကနေ ရွေးချယ်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့တဲ့ နိုင်ငံတော်အစိုးရဟာ ကျွန်တော်တို့နိုင်ငံရဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများကို ဘက်စုံထောင့်စုံမှ ပြုပြင်ပြောင်းလဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသလို ပြုပြင် ပြောင်းလဲမှုတိုင်းဟာလည်း ပြည်သူလူထုရဲ့လိုအပ်ချက်များနှင့်ကိုက်ညီတဲ့ နိုင်ငံတော်အတွက် အမှန် တကယ်လိုအပ်နေတဲ့ အပြောင်းအလဲများဖြစ်စေရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါတယ်။ နိုင်ငံရဲ့ပညာရေးအဆင့်အတန်းမြှင့်တင်နိုင်ဖို့နဲ့ ကျောင်းသားများနှင့်မိဘများအပေါ် ပညာရေးကုန်ကျ

စရိတ်တွေကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေဖို့အတွက် ပညာရေးဘတ်ဂျက်များတိုးမြှင့်သုံးစွဲခဲ့ခြင်း၊ ပြည်သူလူထုကို ထိရောက်တဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့နဲ့ ဆေးကုသမှုစရိတ်တွေ လျှော့ချနိုင်ဖို့ ကျန်းမာရေးဘတ်ဂျက်များ တိုးမြှင့်သုံးစွဲခဲ့ခြင်း၊ လျှပ်စစ်မီးကဏ္ဍတွင်လည်း NEP စီမံကိန်းအရ ၂၀၁၉ ခုနှစ်ထဲမှာ ကျေးရွာပေါင်း ၅၀၀၀ ကျော်အား ပထမအဆင့်အနေနဲ့ လျှပ်စစ်မီးသုံးစွဲနိုင်တော့မှာဖြစ်ခြင်းစတဲ့ ပြည်သူလူထုအတွက် လိုအပ်ချက်များကို ဟန်ချက်ညီစွာ အကောင်အထည်ဖော်နေတာတွေ့နေရပါတယ်။ နိုင်ငံ့လူဦးရေစုစုပေါင်းရဲ့ ၇၀ ရာခိုင်နှုန်းကျော်ဟာ ကျေးလက်တောရွာတွေမှာ နေထိုင်ကြသူများဖြစ်သလို လူမှုစီးပွားဘဝဖွံ့ဖြိုးမှုအနည်းဆုံးနှင့် ဆင်းရဲနွမ်းပါးမှုအများဆုံးဒေသများဟာလည်း ကျေးလက်ဒေသများပဲ ဖြစ်ပါတယ်။ ရေမြင့်လျှင် ကြာတင့်ဆိုသလို ကျေးလက်ဒေသများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးလျှင်ပင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမှာမလွဲပါဘူး။ ကျေးလက်နေပြည်သူများရဲ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် လမ်းပန်းဆက်သွယ်ရေးဟာ အဓိကကျတဲ့ကဏ္ဍတစ်ခု ဖြစ်ပါတယ်။ လယ်ယာထုတ်ကုန်များ ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာပို့ဆောင်နိုင်ရန်နှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုကိစ္စရပ်များအတွက် ကျေးလက်ကွန်ရက်လမ်းများကို အသုံးပြု၍ ဆက်သွယ်သွားလာကူးလူးဆက်ဆံနေကြရပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ မြို့ချင်းဆက်လမ်းမကြီးများအားလုံးနီးပါး ကောင်းမွန်နေသော်လည်း ကျေးလက်ဒေသရှိ ကျေးရွာအုပ်စုတွေမှာတော့ ဖွံ့ဖြိုးမှုအလွန်နိမ့်ကျဆဲဖြစ်ပါတယ်။ မြေသားလမ်းများ၊ ရွှံ့တော၊ ဗွက်တောထဲ သွားလာနေရသောကျေးရွာများ မြောက်မြားစွာရှိနေဆဲ ဖြစ်ပါတယ်။ ကျေးလက်လမ်းများ ရာသီမရွေးသွားလာနိုင်မှသာ ကျေးလက်နေပြည်သူလူထု၏လူတစ်ဦးချင်း၊ အိမ်ထောင်စုတစ်စုချင်း၊ ကျေးရွာတစ်ရွာချင်းဖွံ့ဖြိုးလာမှာဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအပြင် ယခုလက်ရှိဆောင်ရွက်တော့မည့် လျှပ်စစ်မီးသွယ်တန်းရောက်ရှိခြင်းအကျိုးကျေးဇူးများပါ ပူးတွဲအောင်မြင်အကျိုးခံစားရတော့မှာ ဖြစ်ပါတယ်။ ထိုအခြေအနေများကို ရည်ရွယ်၍ လယ်/ဆည်ဝန်ကြီးဌာနအောက်မှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ကျေးလက်လမ်းတံတားများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းရယူပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအဖြစ် အသစ်တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။

ရည်မှန်းချက်များကတော့ ကျေးလက်လမ်းတံတားများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးနှင့် ကျေးလက်ထုတ်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့အမြန်ဆုံးရောက်ရှိရေး၊ ကျေးလက်နေပြည်သူများ၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက် ကျေးလက်လမ်းကွန်ရက်များ

အသုံးပြု၍ အမြန်ဆုံးဆက်သွယ်သွားလာနိုင်ရေး၊ အမျိုးသားပို့ဆောင်ရေးစီမံကိန်းအား အထောက်အကူဖြစ်စေရေး၊ ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းအပေါ် ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် အသုံးပြုနိုင်ရန် နှစ်စဉ်အဆင့်မြှင့်တင်ဆောင်ရွက်ရေးတို့ ဖြစ်ပါတယ်။ လမ်းအဆင့်အနေနဲ့ ဆောက်လုပ်ရေးလမ်းမများနှင့် ကျေးရွာမှ တိုက်ရိုက်ဆက်သွယ်သောလမ်းများကို Class(A)၊ (A)ကို လာရောက်ဆက်သွယ်မည့်လမ်းကို Class(B)၊ (B)အချင်းချင်းဆက်သွယ်မည့်လမ်းကို Class(C) သတ်မှတ်ပြီး Mission 2030 အရ Class(A)လမ်းများအား ၂၀၂၀ ခုနှစ်တွင် ကတ္တရာ သို့မဟုတ် ကွန်ကရစ်သို့လည်းကောင်း၊ Class(B)လမ်းများအား အမာခံလမ်းအဖြစ်သို့လည်းကောင်း၊ Class(C)လမ်းများအား ၂၀၂၅ ခုနှစ်တွင် အမာခံလမ်း၊ ၂၀၃၀ ခုနှစ်တွင် အချို့ကို ကွန်ကရစ်၊ အချို့ကို ကတ္တရာလမ်းအဖြစ်ရောက်ရှိစေရေး ဆောင်ရွက်တော့မှာဖြစ်တယ်လို့ သိရပါတယ်။ သို့သော် ဒီမျှော်မှန်းချက်တွေကို အောင်မြင်ပြီးမြောက်နိုင်မလားလို့ လေ့လာတဲ့အခါမှာ ကျွန်တော့်ကို Power Point ဖြင့် တင်ပြခွင့်ပြုပါ။

အပေါ်ဆုံးဇယားကတော့ လေးမျက်နှာမြို့နယ်ရဲ့ Class(A)(B)(C) လမ်းစာရင်းအချုပ်ဖြစ်ပြီးတော့မှ Class(A)သတ်မှတ်ထားတဲ့လမ်းမိုင် ၇၇ မိုင်ကျော်မှာ မြေသားလမ်းက ၃၁ မိုင်ကျော်ကျန်နေသေးတာကို အပေါ်ဇယားရဲ့အနီကွက်အသေးလေးထဲမှာ တွေ့ပါမယ်။ ဒုတိယဇယားကတော့ ဟသ်ာတခရိုင်၊ ခြောက်မြို့နယ်ရဲ့ Class(A)(B)(C) လမ်းစာရင်းအချုပ်ဖြစ်ပြီး Class(A)သတ်မှတ်ထားတဲ့လမ်းမိုင် ၅၂၀ ကျော်မှာ မိုင် ၂၈၀ ကျော်ဟာ မြေသားလမ်းပဲရှိနေသေးတာကို ဒုတိယဇယားရဲ့အပေါ်ကွက်အနီရောင်လေးထဲမှာ တွေ့ပါမယ်။ တတိယဇယားကတော့ ဧရာဝတီတိုင်းဒေသကြီးစာရင်းအချုပ်ဖြစ်ပြီး Class(A)သတ်မှတ်ထားတဲ့လမ်းမိုင် ၁၉၀၀ ကျော်မှာ မြေသားလမ်းက မိုင် ၁၁၀၀ ကျော်ရှိနေသေးတာကို အောက်ဆုံးဇယားရဲ့အပေါ်ကွက်အနီလေးထဲမှာ တွေ့ရပါမယ်။ ဒါတောင်တံတားစာရင်းတွေ မပါသေးပါဘူး။ ကျွန်တော့်မြို့နယ်တစ်ခုတည်းပဲတွက်ကြည့်ရင်တောင် ၂၀၂၀ ခုနှစ်မှာ Class(A)လမ်းအားလုံးပြီးရန်မဆိုထားနဲ့။ အခုပုံစံအတိုင်းသွားနေရင် တစ်လမ်းပြီးဖို့တောင် မလွယ်ပါဘူး။ ဒါနဲ့ပတ်သက်လို့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့က ဝန်ကြီးဌာနကို Class(A)လမ်းနဲ့ပတ်သက်တဲ့မေးခွန်းသုံးခု၊ တံတားနှင့်ပတ်သက်တဲ့မေးခွန်းနှစ်ခု စုစုပေါင်းမေးခွန်းငါးခုကို ကြယ်ပွင့်မပြနဲ့မေးမြန်းရာမှာ မြို့နယ်စီမံကိန်းရေးဆွဲရေးမှာ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများအားလုံးက ဦးစားပေးအဆင့် (၁)သတ်မှတ်ထားတဲ့ မဖြစ်မနေအကောင်အထည်ဖော်ပေးရမယ့်

လမ်းတံတားများကိုတောင် ပြန်ဖြေတဲ့နေရာမှာ ရန်ပုံငွေထည့်သွင်းလျာထားပြီး ခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးပါမည်ဆိုတဲ့ တိကျသေချာမှုမရှိတဲ့အဖြေမျိုးသာပေးနိုင်တာကို တွေ့ရပါတယ်။ ဝန်ကြီးဌာနများရဲ့ခက်ခဲနေတဲ့အခြေအနေတွေကိုလည်း နားလည်သဘောပေါက်ပါတယ်။ ဒီပုံကတော့ Class(A)အဆင့်မှာပါတဲ့ လေးမျက်နှာ-ညောင်ဝိုင်း-ခမောက်စုလမ်း ၉ မိုင် ၅ ဖာလုံအပေါ်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ၇ ဖာလုံကွန်ကရစ်လမ်းခင်းထားခြင်းလုပ်ငန်းဖြစ်ပါတယ်။ ၇ ဖာလုံကိုကျော်ပြီး ရှေ့ကိုဆက်သွားလိုက်တာနဲ့ မိုးတွင်းကာလမှာ အခုလိုမြေသားလမ်းတွေကို ရင်ဆိုင်သွားလာကြရပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ အဲဒီလမ်းကို ဆက်မလုပ်နိုင်ပါဘူး။ ကျန်ရှိနေတဲ့ Class(A)လမ်းများထဲက တစ်လမ်းကို ၁.၄ မိုင်ချထားပေးပြီး အစငုတ်ကလေးတွေ ထုတ်ထားသလိုလုပ်နေရပါတယ်။ ဒီပုံတွေကတော့ Class(A)အဖြစ် သတ်မှတ်ထားတဲ့ ကျန်တဲ့လမ်းများပေါ်က မြေသားလမ်းအချို့ပုံတွေပဲ ဖြစ်ပါတယ်။ ဒီပုံတွေကတော့ Class(A)၊ (B)၊ (C)လမ်းများပေါ်က ဆောင်ရွက်ပေးရမယ့် တံတားအချို့ပုံတွေပဲ ဖြစ်ပါတယ်။ ဒီပုံတွေကတော့ လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ ဆောင်ရွက်ထားတဲ့ Class(A)၊ (B)၊ (C)လမ်းများပေါ်က သစ်မရောက်ခင် ဝါးပေါင်းကွပ် ဆိုသလိုမျိုး ရာသီမရွေးသွားလာနိုင်တဲ့လမ်းများမတည်ဆောက်နိုင်သေးခင်မှာ မြေသားလမ်းမရှိစေရန် အမာခံလမ်းများခင်းပေးထားခြင်းပဲ ဖြစ်ပါတယ်။ ဒီပုံရဲ့အောက်က တံတားပုံဆိုရင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လွှတ်တော်ရန်ပုံငွေ ၂၈ သိန်း၊ ရွာမှထည့်ဝင်ငွေ ၂၅ သိန်းအပြင် လူထုလုပ်အားစိုက်ထုတ်ပြီး ဆောင်ရွက်ခဲ့တဲ့တံတားဖြစ်ပါတယ်။ ၆-၂-၂၀၁၉ ရက်နေ့က ကျင်းပတဲ့ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်ပတ်သက်လို့ ပြည်ထောင်စုစာရင်းစစ်ချုပ်အစီရင်ခံစာထဲမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တစ်နိုင်ငံလုံးလုပ်ငန်းပေါင်း ၁၁၃၀၉ ခုမှာ ကျေးလက်လမ်းတံတားပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းက ၇၇၅၈ ခုဖြစ်ပြီး လုပ်ငန်းအားလုံးစုစုပေါင်းရဲ့ ၇၀.၁၇ ရာခိုင်နှုန်းရှိတယ်လို့ ဖော်ပြထားတဲ့အတွက် ပြည်သူလူထုရဲ့လိုအပ်ချက်ဟာ လမ်းတံတားများပဲဖြစ်တယ်ဆိုတာ ထင်ရှားနေပါတယ်။

၁၁-၂-၂၀၁၉ ရက်နေ့ ကျင်းပတဲ့ သတ္တမနေ့အစည်းအဝေးမှာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေးတဲ့အခါမှာတော့ တော်တော်များများက လွှတ်တော်ရန်ပုံငွေကို ပိုမိုချထားပေးဖို့ တောင်းဆိုကြတာ အားလုံးကြားကြပါတယ်။ Power Point မှာထိုးပြသွားတဲ့ပုံတွေကလည်း လမ်းတွေမှာ ဆိုင်ကယ်ကိုလူကစီးရမယ့်အစား လူကို ဆိုင်ကယ်ကပြန်စီးနေပုံ၊ ဝန်ထမ်းများ၊ ပြည်သူများ တစ်နေရာမှတစ်နေရာသို့ သွားလာရာတွင် လွန်စွာခက်ခဲကြမ်းတမ်းလွန်းတဲ့ပုံတွေကို

အားလုံးမြင်ကြရပါတယ်။ အထူးသဖြင့် ပြည်နယ်တွေဘက်က ပိုများပါတယ်။ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ နိုင်ငံတော်သမ္မတကြီးကတိသစ္စာပြုမိန့်ခွန်းမှာ ဒီကနေ့ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲဖြစ်တာကြောင့် နေရာကဏ္ဍအသီးသီးမှာ အများကြီးဆက်လက် ရုန်းကန်ကြိုးပမ်းကြရဦးမှာဖြစ်ပါတယ်ဆိုတဲ့စကားကိုလည်း မမေ့ပါဘူး။ ဒါကို ပြည်သူများကလည်း သိပါတယ်။ ပြည်သူလူထုအများစုအကျိုးရှိစေမယ့် နိုင်ငံတော်ရဲ့ချမှတ်ထားတဲ့မူဝါဒတွေနဲ့လည်း ကိုက်ညီတဲ့ပြည်သူလူထုအတွက် အလိုအပ်ဆုံးလမ်းတွေ၊ တံတားတွေ ပေါ်ထွန်းဖို့လိုနေပါပြီ။ အပြည့်စုံဆုံး မရောက်သေးသော်ငြားလည်း အတိုင်းအတာတစ်ခုအထိ ရောက်ရှိနိုင်အောင်သွားဖို့ လိုပါတယ်။ ကိုယ်စားလှယ်များက ပြည်သူနှင့်တွေ့ဆုံပွဲ၊ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲတွေမှာ တောင်းဆိုခံရဆုံးကိစ္စ၊ လွှတ်တော်တွင်းမေးခွန်းမေးမြန်းမှုအများဆုံးကိစ္စဖြစ်တဲ့ ကျေးလက်လမ်းတံတားလုပ်ငန်းများကို နိုင်ငံတော်က ချမှတ်ထားတဲ့ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ ယခုထက် ပိုမိုအောင်မြင်နိုင်ရေး အတွက် ရန်ပုံငွေလိုအပ်ချက်နှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များအကူအညီစသည့်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးစားစွာဖြင့် တင်သွင်းလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဇော်မင်းသိန်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးနိုင်ထူးအောင်(နွားထိုးကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ နွားထိုးကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင်ဖြစ်ပြီး လေးမျက်နှာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းရဲ့အဆိုကို ထောက်ခံသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လူတစ်ယောက်အသက်ရှင်ရပ်တည်ဖို့ ခန္ဓာကိုယ်ထဲမှာရှိတဲ့ သွေးကြောတွေ အရေးပါသလိုပဲ နိုင်ငံတစ်နိုင်ငံအတွက် လမ်းတံတားများဟာ အရေးပါလှပါတယ်။ လက်ရှိမြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်မှာနေထိုင်တဲ့သူများဖြစ်လို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက် လမ်း၊ တံတားတွေရဲ့ အရေးပါမှုကို မှန်းဆကြည့်နိုင်ပါတယ်။ ကျေးလက် လမ်း၊ တံတားတွေဟာ ကူးသန်းသွားလာရေးအတွက်သာမကဘဲ စီးပွားရေး၊ ဆင်းရဲ

မွဲတေမှုလျှော့ချရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စတဲ့ကဏ္ဍတွေအတွက်ပါ အထူးအရေးပါလှပါတယ်။ လေ့လာမှုများအရ ကိုယ်ဝန်ဆောင်မိခင်သေဆုံးရခြင်းရဲ့ ၇၅ ရာခိုင်နှုန်းဟာ လမ်းပန်းဆက်သွယ်ရေးပြည့်စုံကောင်းမွန်မှုမရှိခြင်းနဲ့ ဆက်စပ်နေတယ်ဆိုတာ တွေ့ရသလို ရှမ်းပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ကျေးရွာတွေမှာရှိတဲ့ ကျောင်းသားတွေရဲ့ ၉၄ ရာခိုင်နှုန်းဟာ မူလတန်းပညာရေးအပြီးမှာ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် အလယ်တန်းပညာရေးကို ဆက်လက်မသင်ယူနိုင်ဘူးဆိုတာကိုလည်း တွေ့ရှိရပါတယ်။ ကျေးလက်လမ်းတွေသာ ကောင်းမွန်နေမယ်ဆိုရင် ကျောင်း၊ ဆေးခန်း၊ ဆေးရုံတွေကို အဆင့်တိုးမြှင့်ပေးဖို့၊ အသစ်တည်ဆောက်ပေးဖို့ လိုအပ်ချက်တွေလည်း လျော့ပါးသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ်က ADB နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းပြီးထုတ်ဝေခဲ့တဲ့ Myanmar Transport Sector Policy Notes, Rural Road and SSAR မြန်မာနိုင်ငံမှာ ကျေးရွာပေါင်း ၆၄၀၀၀ ကျော်ရှိပြီး ရာသီမရွေးသွားလာနိုင်တဲ့လမ်းကတော့ ၇၅၀၀၀ ကီလိုမီတာရှိပါတယ်။ ဒါကြောင့် ကျေးရွာတစ်ရွာကို ရာသီမရွေးသွားလာနိုင်တဲ့လမ်း တစ်ကီလိုမီတာ သာသာနှုန်းထားလောက်ပဲရှိပြီး အခြားနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် အတော်ကိုနည်းပါးနေပါသေးတယ်။ ဖောက်လုပ်ပြီး လမ်းမရှိသော ကျေးရွာနှင့်လူဦးရေ ၉.၂ သန်းနဲ့ ကျေးရွာ ၂၅၀၀၀ ရှိပြီး ရာသီမရွေး သွားလာနိုင်သောလမ်းမရှိသော ကျေးရွာနေလူဦးရေ သန်း ၂၀ ရှိနေပါတယ်။ နိုင်ငံတကာမှာ ကျေးလက်နေပြည်သူတွေရဲ့ သွားလာရအဆင်ပြေလွယ်ကူမှုကို Rural Access Index(RAI)လို့ ခေါ်တဲ့ ကျေးလက်နေလူဦးရေရဲ့ မည်မျှရာခိုင်နှုန်းဟာ ရာသီမရွေးသွားလာနိုင်တဲ့လမ်းရဲ့ နှစ်မိုင်အတွင်းမှာရှိနေသလဲဆိုတဲ့ တိုင်းတာမှုနဲ့တိုင်းတာလေ့ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အခု ပုံမှာပြထားတဲ့အတိုင်း အနိမ့်ဆုံးအတန်းအစားထဲမှာပဲရှိနေပြီး အာရှတိုက်မှာဆိုရင် မြန်မာနိုင်ငံရဲ့အောက်မှာ အာဖဂန်နစ္စတန်နိုင်ငံပဲ ရှိပါတော့တယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဇယားကတော့ မြန်မာနိုင်ငံက တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ကျေးလက်လမ်းတွေရဲ့ ရှိပြီးသားပမာဏ လိုအပ်ချက်နဲ့ RAI တို့ကို ပြထားတာဖြစ်ပါတယ်။ RAI အရ မွန်ပြည်နယ်ဟာ ၇၃ ရာခိုင်နှုန်းနဲ့ အများဆုံးဖြစ်နေတာကို တွေ့ရမှာဖြစ်ပြီး ချင်းပြည်နယ်က အနည်းဆုံးဖြစ်ကာ ၁၁ ရာခိုင်နှုန်းနဲ့ အင်မတန်နည်းပါးလွန်းနေတာ တွေ့ရမှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအနေနဲ့ ကျေးလက်လမ်း ၉၉၂၀၀ ကီလိုမီတာ အသစ်တည်ဆောက်ဖို့လိုအပ်နေပြီး ၇၅၇၈၅ ကီလိုမီတာ အဆင့်မြှင့်တင်ဖို့ လိုအပ်နေတာလည်း တွေ့ရမှာဖြစ်ပါတယ်။ ယခုဇယားမှာတော့ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကျေးလက်လမ်းများရဲ့ အမျိုး

အစားကို ဖော်ပြထားပြီး လမ်းအားလုံးရဲ့ ၇၀ ရာခိုင်နှုန်းဟာ မြေသားလမ်းအဆင့်ပဲရှိနေပါသေးတယ်။ ချင်းပြည်နယ်မှာဆိုရင် ကျေးလက်လမ်းများရဲ့ ၉၇ ရာခိုင်နှုန်းအထိအောင် မြေသားလမ်းအဆင့်ပဲ ရှိနေသေးတာ တွေ့နိုင်ပါတယ်။ နောက်ဇယားကတော့ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ကျေးလက် တံတားအရေအတွက်ကို အမျိုးအစားအလိုက် ဖော်ပြထားတာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးစုစုပေါင်း ၈၂၇၆ ဆိုတဲ့အရေအတွက်ဟာ ကျေးရွာပေါင်း ၆၀၀၀၀ ကျော်ရှိပြီး တော၊ တောင်၊ စိမ့်စမ်း၊ မြစ်၊ ချောင်းပေါများတဲ့ မြန်မာလိုနိုင်ငံမျိုးအတွက် နောက်ထပ် များစွာလိုအပ်နေအုံးမယ်ဆိုတာ အသေအချာပဲဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါကိန်းဂဏန်းအချက်အလက်များအရ ကျေးလက် လမ်း၊ တံတားများဖွံ့ဖြိုးတိုးတက်ရေးကို ယခုထက်ပိုပြီး ဖြည့်ဆည်းဆောင်ရွက်ပေးဖို့ လိုနေပြီဆိုတာ တွေ့မြင်နိုင်ပါတယ်။ လက်ရှိမှာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ၂၀၃၀ ခုနှစ်မှာ မြန်မာနိုင်ငံရှိ ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် ကျေးလက်နေလူဦးရေ ၉၀ ရာခိုင်နှုန်းအပေါ် ရာသီမရွေးသွားလာနိုင်သည့်ကျေးလက်လမ်းများ အသုံးပြုနိုင်ရန်ဆိုတဲ့ မဟာဗျူဟာရည်မှန်းချက် ချမှတ်ဆောင်ရွက်နေတာ တွေ့ရပါတယ်။ သို့သော်လည်း ရည်မှန်းချက်ပြည့်ဝစေရန် ပိုမိုဖြည့်ဆည်း ဆောင်ရွက်ပေးဖို့နဲ့ ပြုပြင်ပြောင်းလဲမှုတွေပြုလုပ်ဖို့ လိုအပ်နေပါသေးတယ်။ ရည်မှန်းချက်ပြည့်ဝဖို့ ဆိုရင် လက်ရှိဘဏ္ဍာငွေခွဲဝေချထားပေးမှုဟာ နည်းပါးလွန်းနေတာကြောင့် တိုးမြှင့်ခွဲဝေချထားပေးဖို့ လိုအပ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ၁၄၃ ဘီလီယံပဲ ကျေးလက်လမ်း၊ တံတားအတွက် သုံးစွဲခဲ့ပြီး ရည်မှန်းချက်ပြည့်မီဖို့ တစ်နှစ်မှာလိုအပ်တဲ့ ၅၂၅ ဘီလီယံရဲ့ ၂၇.၂ ရာခိုင်နှုန်းခန့်သာ ရှိပါတယ်။ ဒီနှုန်းအတိုင်းဆို ရည်မှန်းချက်ပြည့်ဝဖို့ ၃၈ နှစ်ကြာပါလိမ့်မယ်။ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ တိုးတက်မှုရှိလာပေမဲ့ တစ်နှစ်လိုအပ်ချက်နဲ့စာလျှင် အတော်လိုနေသေးသလို တိုးလာတာကလည်း တိုင်းဒေသကြီး/ပြည်နယ်ဘတ်ဂျက်နဲ့ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းတွေဆီက ရရှိငွေတွေဆီကသာ အဓိကဖြစ်ပြီး ပြည်ထောင်စုဘတ်ဂျက်ကရရှိငွေဟာ နည်းပါးလွန်းနေပါတယ်။ အမှန်တော့ ကျေးလက် လမ်း၊ တံတားတွေအတွက် တစ်နှစ်လိုအပ်ချက်ကို အပြည့်အဝသုံးရင်တောင် ပြည်ထောင်စု၏ စုစုပေါင်းအသုံးစရိတ်ရဲ့ ၂ ရာခိုင်နှုန်းခန့်ပဲရှိမှာဖြစ်လို့ ကျေးလက် လမ်း၊ တံတားလို ပြည်သူလူထု အတွက် အထူးအရေးကြီးတဲ့ကဏ္ဍကို လိုအပ်ချက်ပြည့်မီအောင် ဘဏ္ဍာငွေခွဲဝေချထားပေးသင့်ပါ တယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်လမ်းများကို အတန်းအစား(Class)ခွဲခြားသတ်မှတ်ခြင်းကိုလည်း စနစ်ကျနလက်တွေ့ဆန်စွာ ရွေးချယ်သတ်မှတ်သင့်ပါတယ်။ လမ်းဦးစီးဌာနအောက်က လမ်းနဲ့ ချိတ်ဆက်မှုတစ်ခုတည်းအပေါ်မှာ အခြေခံပြီး မစဉ်းစားသင့်ပါဘူး။ အဲဒီအတိုင်း ဆုံးဖြတ်မယ်ဆိုရင် ပုံမှာတွေ့ရတဲ့အတိုင်း ကျေးရွာတစ်ရွာကိုသာ အကျိုးပြုတဲ့ ကျေးလက်လမ်း(၁)က Class(A) အဖြစ် သတ်မှတ်ခံရမှာဖြစ်ပြီး ကျေးရွာများစွာအသုံးပြုတဲ့ ကျေးလက်လမ်း(၃)ကတော့ သတ်မှတ်ခြင်းခံရမှာမဟုတ်ပါဘူး။ ဒါကြောင့် လမ်းရဲ့အကျိုးပြုမှု၊ အသုံးဝင်မှု၊ လမ်းရဲ့လက်ရှိအနေအထား စတာတွေအပေါ်မူတည်ပြီး Class သတ်မှတ်ရင် ပိုကောင်းပါမယ်။ နောက်တစ်ချက်ကတော့ ကျေးလက်လမ်း၊ တံတားများကို နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ဘတ်ဂျက်၊ လွှတ်တော်မဲဆန္ဒနယ်ဖွံ့ဖြိုးရေးရန်ပုံငွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ CDD, VDP စတဲ့ ဘဏ္ဍာငွေတွေနဲ့ပါ ဆောင်ရွက်နေတာရှိလို့ လုပ်ငန်းထပ်ခြင်း၊ ကျန်ရှိခြင်းများမရှိအောင် အားလုံးပူးပေါင်းပြီး စီမံကိန်းရေးဆွဲဖို့ လိုပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်လမ်း၊ တံတားများကို အချိန်မီပြုပြင်နိုင်ရေးဟာ လမ်းအသုံးပြုသူများ အဆင်ပြေရေးအတွက်သာမက ဘဏ္ဍာငွေကုန်ကျမှု လျော့ပါးစေရေးအတွက်ပါ အထူးအရေးပါလှပါတယ်။ ပုံမှာမြင်ရတဲ့အတိုင်း ကွျန်တော့်မဲဆန္ဒနယ်မှ နွားထိုးကြီး-မလှိုင်လမ်းကို ဥပမာအဖြစ် ပြချင်ပါတယ်။ ဒီလမ်းကို ကတ္တရာလမ်းအဖြစ် ဖောက်လုပ်ခဲ့ပြီး နှစ်အနည်းငယ်အကြာမှာ လမ်းပေါက်ပြဲမှုတွေ ဖြစ်လာပါတယ်။ ဒါပေမဲ့ ဘဏ္ဍာငွေမရှိလို့ မပြင်ဆင်နိုင်ဘဲ တဖြည်းဖြည်းနဲ့ ပိုဆိုးလာကာ နောက်ဆုံး အခုမြင်ရတဲ့အတိုင်း လမ်းဘေးမှာ ကိုယ်ထူကိုယ်ထ ဂျင်းကျောက်ခင်းပြီး အဲဒီပေါ်ကနေ ယာဉ်များကို မောင်းနေရတဲ့အနေအထား ရောက်ရှိသွားပါတယ်။ အချိန်မီမပြင်ခဲ့လို့ ကတ္တရာလမ်းအဖြစ်ကနေ ယာဉ်များရှောင်မောင်းရတဲ့ ယာဉ်ရှောင်လမ်းဘဝ ရောက်ရှိသွားခဲ့ရပါတယ်။ ပြင်ဆင်စရိတ်လည်း ပိုမိုကုန်ကျတော့မှာဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် Mini Budget မှာ ကျေးလက်လမ်း၊ တံတားများ ပြင်ဆင်ထိန်းသိမ်းဖို့ ၇.၃ ဘီလီယံခန့်နှင့် ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာ ၁၄.၁ ဘီလီယံသုံးစွဲတာတွေ့ရပြီး ADB ကအကြံပြုထားတဲ့ တစ်နှစ်ကို ၆၅ ဘီလီယံဆိုတာနဲ့ များစွာကွာဟနေပါသေးတယ်။ ကျေးလက်လမ်း၊ တံတားများကို အချိန်မီပြုပြင်နိုင်ရေးဟာ အထူးအရေးကြီးတာမို့ ဘဏ္ဍာငွေပိုမိုပြီးချထားပေးဖို့နဲ့ ပိုမိုအလေးထားဆောင်ရွက်ဖို့ လိုမှာဖြစ်ပါတယ်။ ဒ့ါအပြင် မဟာဗျူဟာရည်မှန်းချက်များ ပြည့်ဝအောင်မြင်ဖို့ ကျေးလက်လမ်း၊ တံတားဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ ပိုမိုတိကျခိုင်မာအောင် ပြုလုပ်ဖို့လိုပါတယ်။ အထူးအရေးကြီးတဲ့အချက်ကတော့ ကျေးလက်လမ်း၊ တံတားဥပဒေတစ်ရပ် အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းဖို့ပဲ ဖြစ်ပါတယ်။

**မှူကြမ်း**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆင်းရဲမွဲတေမှုနဲ့ ကျေးလက်လမ်း၊ တံတားများ ကောင်းမွန်မှုမရှိခြင်းတို့ဟာ အဆိုးသံသရာတစ်ခုလို လည်နေတတ်ပါတယ်။ ဒါကြောင့် ကျေးလက်လမ်း၊ တံတားများ ကောင်းမွန်လုံလောက်စွာ အသုံးပြုနိုင်စေရေးကို အထူးအလေးထားပြီး ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ ကောင်းမွန်တဲ့ကျေးလက်လမ်း၊ တံတားများဟာ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တစ်ရပ်တည်ဆောက်ရေးကို များစွာအထောက်အကူဖြစ်စေမှာဖြစ်လို့ လေးမျက်နှာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းရဲ့အဆိုကို လွှတ်တော်ကြီးမှ လက်ခံဆွေးနွေးပေးနိုင်ပါရန် လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ)နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးဇော်မင်းသိန်း တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးဇော်မင်းသိန်း၊ လေးမျက်နှာမဲဆန္ဒနယ်က တင်သွင်းသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အဓိကကျသည့် ကျေးလက်နေပြည်သူလူထု၏လူနေမှုဘဝမြှင့်တင်နိုင်ရန် မဖြစ်မနေဆောင်ရွက်ရမည့်ကဏ္ဍတစ်ရပ်ဖြစ်သော ကျေးလက်လမ်း၊ တံတားများ တည်ဆောက်အကောင်အထည်ဖော်ရာတွင် ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များအောင်မြင်စေရန်အတွက် လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဦးဇော်မင်းသိန်း၊ လေးမျက်နှာမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၁၈-၂-၂၀၁၉ ရက်(တနင်္လာနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ (၂၁-၁-၂၀၁၉ ရက်နေ့)တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် အဆိုတင်သွင်း၊ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိဆွေးနွေးလိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၃-၁-၂၀၁၉ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ ဦးမောင်မြင့်၊ မင်းကင်းမဲဆန္ဒနယ်က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဦးမောင်မြင့်၊ မင်းကင်းမဲဆန္ဒနယ်နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိ ပုဂ္ဂိုလ်

တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၃၀) ချက်ကို သဘောတူသင့်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက် (၁၀) ချက်နှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြု ချက်အတိုင်း ထားရှိရမည့်အချက် (၃၃) ချက်ရှိကြောင်း တင်ပြလာပါတယ်။ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များ အနက် သဘောတူသင့်သည့် (၃၀) ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့တာဝန် ပေးချက်အရ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ် တင်ပြချက်ကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာတဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ဖြစ်တဲ့ ၁၂-၉-၂၀၁၈ ရက်နေ့ (ဗုဒ္ဓဟူးနေ့) တွင်ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်ကို ပေးပို့ခဲ့ပါတယ်။ အမျိုးသား လွှတ်တော်က ၁၉-၁၂-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)မှာကျင်းပတဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ ပြင်ဆင်ချက်များနှင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ဖြစ်တဲ့ ၂၁-၁-၂၀၁၉ ရက်(တနင်္လာနေ့)မှာ လွှတ်တော်သို့အသိပေး တင်ပြခဲ့ပြီး ပြင်ဆင်ချက်အပေါ် အဆိုတင်သွင်းဆွေးနွေးလိုသူများ ဖိတ်ခေါ်ခဲ့ရာ ၂၃-၁-၂၀၁၉ ရက်နေ့ (ဗုဒ္ဓဟူးနေ့)နောက်ဆုံးထားပြီး တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မြင့်၊ မင်းကင်းမဲဆန္ဒနယ်က ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများ တင်သွင်း လာပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှဆွေးနွေးရန် ပြင်ဆင်ချက်အဆို တင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး ဆိုင်ရာကော်မတီ၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ အလုပ်သမား၊ လူဝင်မှု

ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၈-၂-၂၀၁၉ ရက်နေ့(သောကြာနေ့)မှာ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုခဲ့တဲ့ အချက်များအနက်ကနေပြီးတော့ အချက်(၃၀) ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးများထံလည်း ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်(၃၀) ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် (၃၀)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့်အပိုဒ်ခွဲ** |
|---|---|---|---|
| (က) | ၁ | ၄ | အပိုဒ် ၂ အပိုဒ်ခွဲ(က) |
| (ခ) | ၅ | ၁၀ | အပိုဒ် ၂ အပိုဒ်ခွဲ(ထ) |
| (ဂ) | ၇ မှ ၈ | ၁၅၊ ၁၆၊ ၁၇ | အပိုဒ် ၂ အပိုဒ်ခွဲ(မ)၊ အပိုဒ်ခွဲ(ယ)၊ အပိုဒ်ခွဲ(ရ) |
| (ဃ) | ၉ မှ ၁၁ | ၂၃၊ ၂၄၊ ၂၅၊ ၂၇ | အပိုဒ် ၆ ခြေဆင်း၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၇ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဆ) |
| (င) | ၁၃ မှ ၁၄ | ၃၃၊ ၃၆ | အပိုဒ် ၁၃ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၇ အပိုဒ်ခွဲ(စ) |
| (စ) | ၁၉ | ၄၇ | အပိုဒ် ၃၅ |
| (ဆ) | ၂၁ မှ ၂၄ | ၄၉၊ ၅၂၊ ၅၃၊ ၅၅၊ ၅၆ | အခန်း ၁၁ ခေါင်းစဉ်၊ အပိုဒ် ၄၀ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၄၁ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄၂ အပိုဒ်ခွဲ(ခ) |
| (ဇ) | ၂၅ မှ ၂၈ | ၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄ | အပိုဒ် ၄၃ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၄၉ ခြေဆင်း |
| (ဈ) | ၂၉ မှ ၃၂ | ၆၇၊ ၆၈၊ ၇၁၊ ၇၂၊ ၇၃ | အပိုဒ် ၅၉ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၆၄ ၊ အပိုဒ် ၆၇၊ အပိုဒ် ၆၉၊ အပိုဒ် ၇၃ အပိုဒ်ခွဲ(က) |

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်းအားဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်းအား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် ကြီးများခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ရန် တင်ပြတဲ့ (၁၀) ချက်နှင့် အမျိုးသားလွှတ်တော် ကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ထားရှိရမည့်အချက် (၃၃)ချက် စုစုပေါင်းသဘောထားကွဲလွဲချက် (၄၃)ချက် အပေါ်မှာ ဝန်ကြီးဌာနအနေနဲ့ သဘောတူညီပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးပြောတာ အချက် ၃၀ ဟုတ်ပါသလားခင်ဗျား။

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်းအား ဝန်ကြီးဌာန)**။ ။ မှန်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်း ရေးနှင့် ကျန်းမာရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်(၃၀)ချက်ကို အတည်ပြုရန် လွှတ်တော်က သဘော တူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့ အချက်(၃၀)ချက်ကို အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူကြောင်းနှင့် ယင်းဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်း ရေးနှင့် ကျန်းမာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက်

ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်(၁၀)ချက်ကို တင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ရန် တင်ပြချက်(၁၀)ချက်ဖြစ်ပါတယ်။ ထပ်မံပြင်ဆင်ရန် တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးလည်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ရန် တင်ပြချက်(၁၀)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန် တင်ပြချက် (၁၀) ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၁ | ဥပဒေခေါင်းစီး |
| (ခ) | ၄ | ၈၊ ၉ | အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဇ) |
| (ဂ) | ၈ မှ ၉ | ၁၉၊ ၂၀၊ ၂၂ | အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄ အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်ခြင်း၊ အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ်ခွဲ(တ) |
| (ဃ) | ၁၂ | ၁၃ | အပိုဒ် ၁၂ အပိုဒ်ခွဲ(ခ) |
| (င) | ၁၅ မှ ၁၆ | ၃၈၊ ၄၀ | အပိုဒ် ၂၆ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ(ဈ) |
| (စ) | ၂၃ | ၅၄ | အပိုဒ် ၄၁ အပိုဒ်ခွဲ(က) |

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်းအားဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**မူကြမ်း**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်းအား ဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းပူးပေါင်းကော်မတီရဲ့ ထပ်မံပြင်ဆင်ရန် တင်ပြချက်(၁၀)ချက် ကိုဝန်ကြီးဌာနအနေနဲ့ သဘောတူပါကြောင်းနှင့် လွှတ်တော်ကအတည်ပြုပေးနိုင် ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်(၁၀)ချက်ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များ အတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၁၀)ချက်ကို ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်များအတိုင်း လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် သဘော မတူတဲ့အချက်(၃၃)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ် ချက်အရ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းထားရှိရန် သဘောတူညီတဲ့အချက်(၃၃)ချက်ရှိပြီးတော့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် များအတိုင်းသဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းထားရှိမယ့် အချက်(၃၃)ချက် ကို အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်းသဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် သဘောတူညီသည့်အချက်(၃၃)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

**မူကြမ်း**

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၃ | ၂၊ ၃၊ ၅၊ ၆၊ ၇ | အခန်း(၁)ခေါင်းစဉ်၊ အပိုဒ် ၁ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ) |
| (ခ) | ၅ မှ ၆ | ၁၁၊ ၁၂၊ ၁၃၊ ၁၄ | အပိုဒ် ၂ အပိုဒ်ခွဲ(ဒ)၊ အပိုဒ်ခွဲ(ဓ)၊ အပိုဒ်ခွဲ(န)၊ အပိုဒ်ခွဲ(ဘ) |
| (ဂ) | ၈ မှ ၁၀ | ၁၈၊ ၂၁၊ ၂၆ | အပိုဒ် ၂ အပိုဒ်ခွဲ(လ)၊ အပိုဒ် ၄ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဌ)နှင့်(ဍ)၊ အပိုဒ် ၇ အပိုဒ်ခွဲ(င) |
| (ဃ) | ၁၁ | ၂၈၊ ၂၉၊ ၃၀ | အပိုဒ် ၉၊ အခန်း(၆) ခေါင်းစဉ်၊ အပိုဒ် ၁၂ အပိုဒ်ခွဲ(င) |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (င) | ၁၃ မှ ၁၅ | ၃၂၊ ၃၄၊ ၃၅၊ ၃၇ | အပိုဒ် ၁၃ ခြေဆင်း၊ အပိုဒ် ၁၄၊ အပိုဒ် ၁၇၊ အပိုဒ် ၂၆ အပိုဒ်ခွဲ(င) |
| (စ) | ၁၆ မှ ၁၉ | ၃၉၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆ | အပိုဒ် ၂၆ အပိုဒ်ခွဲ(ဈ)၊ အပိုဒ် ၂၇ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃၀ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၃၃ |
| (ဆ) | ၂၀ မှ ၂၁ | ၄၈၊ ၅၀၊ ၅၁ | အပိုဒ် ၃၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀ အပိုဒ်ခွဲ |
| (ဇ) | ၂၈ မှ ၃၀ | ၆၅၊ ၆၆၊ ၆၉၊ ၇၀ | အပိုဒ် ၅၂၊ အပိုဒ် ၅၈၊ အပိုဒ် ၆၆ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ) |

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ သဘောထား ပြောပါ။

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့ လွှတ်တော်ရဲ့ အတည်ပြုချက်များအတိုင်း ထားရှိရမည့် အချက်(၃၃)ချက်ကို ဝန်ကြီးဌာနအနေနဲ့ သဘောတူညီပါကြောင်းနှင့် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး နှင့်ကျန်းမာရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်(၃၃)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုထားသည့်အတိုင်းအတည်ပြုရန် လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်(၃၃)ချက်ကိုသဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်အတိုင်း လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် (၄၃)ချက်ကို သဘောမတူဘဲ ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်များအတိုင်း လွှတ်တော်က အတည်ပြုပြီးဖြစ်

ပါတယ်။ ဒါ့ကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့်ပေးပို့လာခြင်းအပေါ် သဘောထားကွဲလွဲသည့် အချက် (၄၃)ချက်ကို ပြည်ထောင်စုလွှတ်တော်၏အဆုံးအဖြတ်ရယူပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့သော လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး(၁၇)ရက်နေ့ဖြစ်သည့် ၁၂-၉-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့်အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို ၁၉-၁၂-၂၀၁၈ ရက်နေ့၌ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်များအပေါ် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း အမျိုးသားလွှတ်တော်မှ ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့်ပေးပို့လာသည့် ပြင်ဆင်ချက်များအနက် ထပ်မံပြင်ဆင်ရန်တင်ပြချက်(၁၀)ချက်နှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိမည့်အချက်(၃၃)ချက် စုစုပေါင်း အချက်(၄၃)ချက်တို့သည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲသည့်အတွက် ကန့်လန့်ဖြတ်ဇယားဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပါတယ်။ သို့ဖြစ်ပါ၍ ထိုသို့သဘောထားကွဲလွဲသည့် အချက်(၄၃)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ (၄၃)ချက်နှင့်စပ်လျဉ်း၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)နှင့် (ခ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄)ရက်မြောက်နေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်(တနင်္လာနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၁၁း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှုကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ (၁၅.၂.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm



U Oo Tun Win



Maj Genl Myint Nwe

pyithu.hluttaw.mm



U Kyaw Linn



U Zone Teint

pyithu.hluttaw.mm



U Kyaw Linn



Dr Sai Mauk Kham

pyithu.hluttaw.mm



U Kyaw Linn



U Kyaw Gyi (or) Ohn Khin

pyithu.hluttaw.mm



U Kyaw Linn



U Than Aung

pyithu.hluttaw.mm



U Kyaw Linn



U Sein Aung

pyithu.hluttaw.mm



U Kyaw Linn



U Aung Kyaw Zan

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်